www.burmeseclassic.com

သီပေါမင်းပါတော်မမူမီနှင့်ပါတော်မူပြီးစ နိုင်ငံအခြေအနေ ပါတော်မူရခြင်းအကြောင်းရင်းတို့ကို နိုင်ငံခြားသားတို့က မဟုတ်မမှန် ဖော်ပြရေးသားထားမှုများအား အမျိုးသားပညာဝန် ဦးဖိုးကျားက တုံ့ပြန်ချေပထားသော စာအုပ်။

# သီပေါမင်း ပါတော်မူ အရေးတော်ပုံ

အမျိုးသားပညာဝန်

ဦးဖိုးကျား



တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

အမျိုးသားပညာဝန်

ဦးဖိုးကျား

# သီပေါမင်းပါတော်မူ
# အရေးတော်ပုံ

ပါရမီ

စာပေ

www.burmeseclassic.com

www.burmeseclassic.com

သီပေါမင်းပါတော်မူအရေးတော်ပုံ
ဒုတိယအကြိမ်၊ ၂၀၀၁ ခုနှစ် ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ ပန်းချီတော် ဆရာချုံ၏ သီပေါမင်းပါတော်မူ
ပုရပိုက်ပန်းချီကို ပန်းချီစံတိုး ဒီဇိုင်းပြုလုပ်သည်။

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၉/ ၂၀၀၁(၈)နှင့် စာမူခွင့်ပြုချက်အမှတ်
၂၄/ ၂၀၀၁(၇)တို့အရ ဒေါ်နယ်လီ(ခေါ်)ဒေါ်ခင်လေးတင့် (၀၂၅၇၀)၊
အမျိုးသမီးဂုဏ်ရည်စာပေ၊ ၄၁/ ၁၉၁၊ သရဖီလမ်း၊ ဒဂုံမြို့သစ်
မြောက်ပိုင်း က ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို
ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ က ပုံနှိပ်သည်။

တန်ဖိုး ၃၀၀ ကျပ်

ပါရမီစာပေ
၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးဈေးတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| * | စကားချီး | ၅ |
| ၁။ | နိဒါန်း | ၉ |
| ၂။ | အင်္ဂလိပ်နှင့် မြန်မာဆက်ဆံရေး | ၁၀ |
| ၃။ | ပထမစစ်ပွဲ | ၁၃ |
| ၄။ | ဒုတိယစစ်ပွဲ | ၁၅ |
| ၅။ | တတိယစစ်ပွဲ | ၁၉ |
| ၆။ | ဖိနပ်စီးခြင်းကိစ္စ | ၂၂ |
| ၇။ | မင်းသွေးများကို သတ်ပစ်ခြင်း | ၂၃ |
| ၈။ | ဆွေသားမျိုးသားတို့ကို ဖယ်ရှားခြင်း အလေ့ထုံးစံများ | ၂၈ |
| ၉။ | ထောင်ထမှု | ၃၄ |
| ၁၀။ | ဘုံဘိုင်ဘားမားသစ်မှု | ၃၆ |
| ၁၁။ | အင်္ဂလိပ်အစိုးရတို့ တောင်းဆိုချက် ရာဇသံ | ၃၈ |
| ၁၂။ | တတိယစစ်ဖြစ်ရသောအကြောင်းရင်း အကြောင်းကြီးများ | ၃၉ |


www.burmeseclassic.com


www.burmeseclassic.com



| | | |
|---|---|---|
| ၁၃။ | ငမောက်ကျောက် | ၄၃ |
| ၁၄။ | ကာနယ်စလေဒင်သို့ အပ်လိုက်ရသော ပစ္စည်းများ | ၄၇ |
| ၁၅။ | ကင်းဝန်မင်းကြီး ဦးကောင်း | ၅၀ |
| ၁၆။ | သူပုန်မင်း | ၆၃ |
| ၁၇။ | မြန်မာနိုင်ငံဆုံးရပုံ | ၆၆ |
| ၁၈။ | သီပေါဘုရင် | ၇၀ |
| | လေးချိုးကြီး | ၇၉ |
| | ကိုးကားသောကျမ်းများ | ၈၀ |

www.burmeseclassic.com


www.burmeseclassic.com



သီပေါမင်း နှင့် စုဖုရားလတ် (လယ်)၊ စုဖုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



မြန်မာဘုန်းကြီးကျောင်းအတွင်း အင်္ဂလိပ်စစ်တပ် တပ်စွဲထားစဉ်

www.burmeseclassic.com



# စကားချီး

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

၁၂၉၇ ခု၊ နတ်တော်လဆန်း ၅ ရက်၊ (၁၉၃၅ ခု၊ နိုဝင်ဘာလ ၂၉ ရက်) သောကြာနေ့တွင် မြန်မာပြည် သုတေသနအသင်း (Burma Research Society)က ကြီးမှူးလျက် ရန်ကုန်မြို့၊ ဆေးကောလိပ် ကျောင်းကြီး၌ မစ္စတာနွိုက်စ် (Mr. Noyce)ဆိုသူ၏ ရေးသားချက် ဖြစ်သော သီပေါဘုရင် ပါတော်မူအကြောင်းကို ဖတ်ပြလေသည်။

မြန်မာပြည် သုတေသနအသင်းမှာ ရှေးအဟောင်းအမြင်း ရာဇဝင် စာပေအရပ်ရပ် ဗဟုသုတအတွက်ကိုသာလျှင် ရည်ရွယ်ရင်းသက်သက် ရှိလေရကား ထိုရေးသားချက်ကို မှန်ကန်သည် မမှန်ကန်သည်၊ မသင့် လျော်သော စကားအဓိပ္ပာယ်ပါသည် မပါသည် စသည်တို့မှာ ထိုအသင်း ၏ ကိစ္စတာဝန်မဟုတ်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ သို့မဟုတ်ကြောင်း ကိုလည်း ထိုအသင်းက ရှင်းလင်းကြေညာပြီး ဖြစ်လေသည်။

မစ္စတာနွိုက်စ်ဆိုသူကား သီပေါဘုရင်ကို ဖမ်းယူစဉ်က လိုက်ပါ လာရသူ ကာနယ်စလေဒင် (Colonel Sladen)၏ အတွင်းလူယုံတော် ဖြစ်သည်ဆိုသည်။ ထိုသို့ ဖမ်းဆီးသိမ်းယူသော အဖြစ်အပျက်တို့ကို ကိုယ်တိုင်တွေ့မြင်လိုက်ရသည်ဟု ဆိုသည်။

ထိုမစ္စတာနွိုက်စ်၏ ရေးသားချက်တို့တွင် မမှန်သောအကြောင်းများ တချို့တစ်ဝက်သာ မှန်သောအကြောင်းများ၊ မသင့်လျော်သောစကား အသုံးအနှုန်း အဓိပ္ပာယ်များလည်း ပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမစ္စတာန္တိုက်စ်ရေးသားခြင်း မပြုမီ ရှေးကာလ ကြာမြင့်စွာကပင် စ၍ အင်္ဂလိပ်စသော ဥရောပတိုက်သားတို့သည် ခရီးသည် စာတမ်းစာအုပ်အဖြစ်, ရာဇဝင်အဖြစ်, ဆောင်းပါးအဖြစ် စသည်ဖြင့် မြန်မာနိုင်ငံအကြောင်းကို ရေးကြရာ၌လည်း မှားသည့်နေရာ၌မှား၊ တချို့မှာ မှန်တစ်ဝက် မှားတစ်ဝက်၊ ဝှက်သည့်နေရာ၌ဝှက်၊ စိတ်ပျက်စိတ်နာစရာ စသည်ဖြင့် များစွာရေးကြလှလေပြီ။

မစ္စတာကောက်စ်၊ မစ္စတာဟာဗီ (Mr. S.W. Cocks, Mr. G. E. Harvey)တို့၏ မြန်မာရာဇဝင်တို့မှာကား ကျောင်းသုံးများပင်ဖြစ်၍ လူသိများလေသည်။ အခြားစာအုပ်စာတမ်းမှာကား ထိုဘက်၌ လိုက်စားသူတို့သာ သိရှိကြလေသည်။

ထိုသို့သော အချက်အလက်တို့ကို တစ်နေ့နေ့ ပြန်လှန် ချေပရေးသားမည်ဟု ကျွန်ုပ်စိတ်တွင်ထားခဲ့သည်ကား ကာလကြာလေပြီ။ စင်စစ်သော်ကား ကျွန်ုပ်သည် အင်္ဂလိပ် ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းတို့၌ ထိုနိုင်ငံခြားသားတို့ ရေးကြသော မြန်မာရာဇဝင်ကို သင်ရသောအခါကာလ လွန်ခဲ့သော အနှစ် ၂၀ ကျော်ကပင် ထိုစိတ်ကို ထားခဲ့လေသည်။

ယခုမစ္စတာန္တိုက်စ်ရေးသားချက်နှင့်ပတ်သက်၍ အကြောင်းစနက်ပေါ်လာလေသဖြင့် ထိုဆိုခဲ့သော နိုင်ငံခြားသားတို့ ရေးသားချက်အရပ်ရပ်တို့ကိုပါ ရော၍ အကွက်အလက်ဆိုင်ရာလောက်ကိုသာ ထုတ်ဖော်ချေပ ရေးသားလိုက်ရပေသည်။

ထိုကျွန်ုပ်၏ရေးသားချက်တို့ကို ၁၂၉၇ ခု၊ တပို့တွဲလဆန်း ၁၀ ရက် (၁၉၃၆ ခု၊ ဖေဖော်ဝါရီ ၁ ရက်) စနေနေ့တွင် ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်းခန်းမကြီး၌ ကျွန်ုပ်ကိုယ်တိုင် ဖတ်ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖတ်ပြောရန်အတွက် ရန်ကုန်မြို့ လူငယ်များ ကြီးပွားရေးအသင်းက ကြီးမှူးကာ ဝတ်လုံတော်ရ ဦးသိမ်းမောင်က အစည်းအဝေးဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်ပါလေသည်။

ထိုသို့ ဖတ်ပြောစဉ်က အချိန်ကိုငဲ့၍ အကျဉ်းမျှသာ ဖတ်ပြောခဲ့သည်ကို ယခုထပ်ဖြည့်ချဲ့ထွင် ပြင်ဆင်ကာ "သီပေါမင်း ပါတော်မူအရေးတော်ပုံ"ဟူသော စာအုပ်ငယ်အဖြစ်ဖြင့် ရိုက်ထုတ်လိုက်ပါသည်။

မောင်ဖိုးကျား

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

၁။ (က) မြန်မာမင်းတို့သည် အင်္ဂလိပ်အရာရှိမှစ၍ ကျေးတော်မျိုး ကျွန်တော်မျိုးတို့ကို ညှဥ်းပန်းနှိပ်စက်သောကြောင့် လည်းကောင်း၊ ဆွေတော်မျိုးတော်စသော လူများစွာတို့ကို ရက်စက်စွာ သတ်ဖြတ်လေသောကြောင့် လည်းကောင်း သီပေါမင်း ပိုင် အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းယူရသည်။

(ခ) ငမောက်ကျောက်ကို အင်္ဂလိပ်တို့မယူ၊ အခြားပစ္စည်းများကိုလည်း မတရားသိမ်းယူခြင်းမရှိ။

(ဂ) မြန်မာဘုရင်သီပေါမင်းသည် "သူပုန်မင်း"ဖြစ်သည်။

အထက်ပါစကားရပ်တို့ကား အင်္ဂလိပ်အချို့တို့သည်လည်းကောင်း၊ ကာနယ်စလေဒင်၏ လူယုံတော်ဆိုသူ မစ္စတာန္တိုက်စ်သည်လည်းကောင်း ရေးကြပြောကြသော စကားရပ်အချို့များ ဖြစ်သည်။

၂။ ထိုသို့ရေးကြ ပြောကြသော သူတို့သည် မလိုအပ်သောကာလ ဌာနတို့၌ အကျိုးမဲ့ ရေးကြပြောကြခြင်း ဖြစ်သည်။ တစ်နည်းသော်ကား အနာပေါင်းကို ဆွသည်နှင့်အတူ စိတ်မချမ်းသာဖွယ်ရာတို့ကို အသစ်အသစ်ဖြစ်စေသည်။ ထိုသည့်အပြင် အနိစ္စရောက်လေပြီးသော မြန်မာဘုရင်တစ်ပါးအပေါ်၌ နိုင်ထက်စီးနင်းပြုကာ မချေမင် အမနာပစကားကိုဆို၍ လူစွမ်းကောင်း လုပ်တော်မူကြသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့မှာ ချေပရန် ဝတ္တရားရှိသည့်အတိုင်း အောက်တွင် ရှင်းလင်းချေပ ရေးသားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အင်္ဂလိပ်နှင့် မြန်မာ ဆက်ဆံရေး

၃။ အင်္ဂလိပ်မြန်မာစစ် ၃ ကြိမ်ဖြစ်ရပုံကို အရင်းကစ၍ အကျဉ်းချုပ်ပြလိုသည်။

အင်္ဂလိပ်လူမျိုးများအပါအဝင် ဥရောပတိုက်သားတို့သည် ကျွန်ုပ်တို့အရှေ့တိုင်းနိုင်ငံ မြန်မာပြည်ဘက်သို့ လာရောက်ခဲ့ကြသည်မှာ အပျော်အပါး ပျော်ပွဲစား ဘုရားဖူးလာခဲ့ကြသည် မဟုတ်ကုန်။ အများအားဖြင့် လောဘလျှင် အကြောင်းခံရှိသော ကုန်သွယ်ရေး၊ စားကျက်သစ်ရှာရေး၊ နယ်ပယ်ချဲ့ထွင်ရေးများအတွက် လာရောက်ခြင်း ဖြစ်ကြသည်။

၄။ ထိုသို့လာကြပြီးနောက် ဆိုင်ရာနိုင်ငံပြည်နယ်တို့၏ ဘုရင်စသော အကြီးအမှူးတို့ထံမှ အသနားခံတောင်းယူ၍ဖြစ်စေ၊ လက်ဆောင်ပဏ္ဏာပေး၍ဖြစ်စေ၊ တိုက်ခိုက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ မြေကွက်နေရာများယူပြီးနောက် ကုန်တိုက်စသည် တည်ဆောက်၍ အခြေတည်ကြသည်။ ထိုသည့်နောက် တစ်နည်းနည်းအားဖြင့် အနေ့နှင့်အမြန် ထိုထိုဆိုင်ရာနယ်ပယ် တိုင်းနိုင်ငံတို့သည် ၎င်းတို့လက်တွင်းသို့ သက်ဆင်းခြင်းသာလျှင် အဆုံးရှိလေကုန်တော့၏။ ထိုနိုင်ငံချဲ့ထွင်ကြသော ရှေးရာဇဝင်တွင် ကုန်သည်တို့သည် ရှေ့တော်ပြေးတစ်ဦးဖြစ်ကြောင်း တွေ့ရကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာနိုင်ငံတွင်

၅။ ဤသို့အားဖြင့် မြန်မာသက္ကရာဇ် ၉၆၀ ကျော် (1600 A.D) လောက်တွင် အင်္ဂလိပ်တို့သည် ကုမ္ပဏီဖွဲ့စည်း၍ အရှေ့နိုင်ငံဘက်တွင် ကုန်စည်ကူးသန်းရောင်းဝယ်စ ပြုကြလေသည်။

၆။ ၉၇၄ ခု (1613) နောက် အင်းဝအနောက်ဘက်လွန်မင်း လက်ထက်တွင် အင်္ဂလိပ်ကုန်သည်တို့သည် သန်လျင်၊ ပြည်၊ အင်းဝ၊ ဗန်းမော်တို့သို့ ရောက်ရှိ ရောင်းဝယ်နေကြလေပြီ။

၇။ နောက် ၇၅ နှစ်ခန့်အကြာ သက္ကရာဇ် ၁၀၄၉ ခန့် (1687) ဝမ်းဘဲအင်းစံမင်းလက်ထက် မွန်နှင့်မြန်မာတို့ တိုက်ခိုက်၊ တိုင်းပြည် မငြိမ်မသက် ဗရုတ်ဗရက်ရှိစဉ်အတွင်း အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ (The East India Company)သည် နေဂရိ (ဟိုင်းကြီး)ကျွန်းကို သိမ်းယူ၊ ပုသိမ်တွင် ကုန်တိုက်တစ်ခု ဆောက်လုပ်လေသည်။ ၁၀၇၁ (1709) လောက်တွင် သန်လျင်၌လည်း တစ်ခုဆောက်လေသည်။

## အလောင်းမင်းတရားလက်ထက် အင်္ဂလိပ်တို့ပြုမှုပုံ

၈။ ဤသို့ရှိနေကြရာ အလောင်းမင်းတရားသည် ၁၁၁၇၊ ၁၁၁၈၊ ၁၁၁၉ ခုတို့၌ မွန်၊ ပြည်၊ ဒဂုံ၊ သန်လျင်၊ ပဲခူးတို့ကို သိမ်းယူစဉ်က ထိုအောက်ပြည်၌ ရှိနေကြသော အင်္ဂလိပ်၊ ပြင်သစ်စသော နိုင်ငံခြားသား တို့သည် ဖောက်ဖောက်ပြားပြား ဖြစ်လာကြသည်။ ထိုအခါက ပြင်သစ်နှင့် အင်္ဂလိပ်တို့သည် မြန်မာနှင့်မွန်နှစ်ဖက်တွင် နိုင်ရာဘက်က နေလိုကြ သည်။ အလောင်းမင်းတရား သန်လျင်ကို တိုက်သောအခါ ပြင်သစ်က မွန်ဘက်က ကူညီသည်။ အင်္ဂလိပ်တို့က မြန်မာဘက်က စိတ်ပါသည်။

၉။ သို့ရာတွင် အလောင်းမင်းတရား သန်လျင်ကိုရပြီးနောက် ရှမ်းများ ထကြွသည်ကို နှိမ်နင်းရန် အထက်မြန်မာပြည်သို့ ပြန်သောအခါ အလောင်းမင်းတရား အရေးနိမ့်တော့မည် ထင်ကြသည်နှင့် ပြင်သစ်ရော အင်္ဂလိပ်ပါ မွန်ဘက်က ကူညီ၍ မြန်မာတို့ကို တိုက်ခိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ ဤသို့အင်္ဂလိပ်တို့ ဖောက်ပြားလျက်နှင့် အလောင်းမင်းတရားသည် သည်းခံအရေးပေးကာ ၎င်းတို့အား ရန်ကုန်နှင့်ပုသိမ်တွင် ကုန်တိုက် ဆောက်တည်ရန် ခွင့်ပြုတော်မူပြန်သည်။ ထူးသည်ကား ဤသို့ ခွင့်ပြုရန် စီမံဆဲမှာပင် အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် မြန်မာတပ်တစ်တပ်ကို တိုက်ခိုက်ကြလေသေးသည်။

စိတ်ထားကြီးသော အလောင်းမင်းတရားသည် အလုံးစုံ အပြစ်ကို လွှတ်၍ ထိုသို့ကုန်တိုက်ဆောက်ရန် ခွင့်ပြုသည့်ပြင် အင်္ဂလိပ်သုံ့ပန်းတို့ကိုလည်း လွှတ်တော်မူသည်။

၁၁။ ၁၁၁၉ ခု၊ (1757) တွင် အင်္ဂလိပ်တို့ထံမှ အမြောက်လက်နက်များရသည်နှင့် ကုန်စည်များအပေါ် အကောက်တော် လွှတ်သည့်ပြင် ဟိုင်းကြီးကျွန်းတွင် အကာအကွယ် ခံတပ်ဆောက်တည်ရန် အင်္ဂလိပ်တို့အား ခွင့်ပြုလေသည်။

၁၂။ နောက်မကြာမီ ပဲခူး၌ မွန်တို့ ထကြွရာ ထိုသို့ထကြွစဉ်အတွင်း အင်္ဂလိပ်သင်္ဘောရောက်ရှိ တွေ့မြင်ရသဖြင့် အင်္ဂလိပ်တို့ ပါဝင်သည်ဟု ထင်နေသည့်အတွင်း ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့သည် မွန်တို့အား လက်နက်များ၊ ခဲယမ်းမီးကျောက်များ ရောင်းခြင်း ထောက်ပံ့ခြင်း ပြုသည်ဟု ကြားရှိယုံကြည်တော်မူသည်နှင့် အလောင်းမင်းတရားသည် ထိုဟိုင်းကြီးကျွန်းရှိခံတပ်၊ ကုန်တိုက်လူသူတို့ကို တိုက်ခိုက်ဖျက်ဆီးစေ၏။ သွားရောက်သူတို့သည်လည်း မာယာဖြင့် တိုက်ခိုက်သည်နှင့် အဆောက်အအုံတို့ ပျက်စီး၊ အင်္ဂလိပ်လူသူတို့ သေကျေကြရလေသည်။ (အပိုဒ် ၉၆ နှင့် ယှဉ်ကြည့်။)

၁၃။ ဤသို့ပျက်စီးပြီးနောက် ကုမ္ပဏီမှ လူကြီးတစ်ယောက် တောင်းဆိုချက်အရ ဟိုင်းကြီးကျွန်းတွင် ၎င်းတို့ နေထိုင်ရောင်းဝယ်ခွင့်အပြင် ပုသိမ်၌ ကုန်တိုက်တစ်နေရာစာ ထပ်ပေးသေးသည်။ သို့ရာတွင် အင်္ဂလိပ်တို့၏ မလျော်သောပြုမူပုံကို များစွာအပြစ်တင်တော်မူသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ပထမစစ်ပွဲ

၁၄။ အိန္ဒိယနိုင်ငံဘက်တွင်ကား အင်္ဂလိပ်တို့မှာ ဘင်္ဂလား၊ စစ်တကောင်းဘက်ကို သိမ်းယူထားပြီး ဖြစ်လေသည်။

၁၅။ ဘိုးတော်ဘုရားသည် ၁၁၄၆ ခု (1784)တွင် ရခိုင်ပြည်နယ်ကို သိမ်းယူသည်။ ရခိုင်နှင့် စစ်တကောင်းမှာ နယ်ချင်းစပ်နေလေသဖြင့် ထိုအခါမှစ၍ အင်္ဂလိပ်အစိုးရနှင့် မြန်မာအစိုးရတို့ တွေ့ကြလေတော့သည်။

၁၆။ (က) အချို့ရခိုင်တို့ ထကြွပုန်ကန် ထွက်ပြေး၍ အင်္ဂလိပ်နယ်ဘက်သို့ ပြေးဝင်ခိုကြသည်။ အင်္ဂလိပ်တို့က တိုင်းရေးပြည်ရေးနှင့် ပြေးလာသူကို အပ်ပေးရိုးထုံးစံမရှိ ဆိုသည်။ မြန်မာက ရန်သူတော်ကို အပ်ပေးရသည့် ထုံးစံရှိသည်ဆို၍ အင်္ဂလိပ်နယ်ထဲသို့ ကျူးကျော်ဝင်ရောက်ဖမ်းဆီးသည်။ ထိုအခါ စကားများကြရလေတော့သည်။

၁၇။ (ခ) အင်္ဂလိပ်ဘုရင်ခံက ကြောင်းလမ်းစေ့စပ်ရန် သံတမန်များ လွှတ်သည်။ မြန်မာတို့က အရေးမပြုနေသည့်အကြောင်းကား မြန်မာဘုရင်က တန်းတူ အင်္ဂလိပ်ဘုရင်နှင့်မှ တိုက်ရိုက်ဆက်လိုသည်။ ဘုရင်ခံမှာ ဘုရင်မဟုတ်၍ မဆက်ဆံလို။ ဤကို အင်္ဂလိပ်က စိတ်နာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၈။ (ဂ) ဤအတောအတွင်း ဘိုးတော်ဘုရား နတ်ရွာစံ၍ ဘကြီးတော် နန်းတက်သည်။ ထိုဘကြီးတော်လက်ထက် မဏိပူရမင်း၊ အာသံမင်းတို့သည် မြန်မာဘုရင်ကို အရိုးအစဉ်အတိုင်း မကျိုးမနွံ ထောင်ထားကြသဖြင့် မြန်မာတို့က တိုက်ခိုက်ဖမ်းဆီးသောအခါ ၎င်းတို့က အင်္ဂလိပ်ပိုင် ကချာနယ်ဘက်သို့ ပြေးဝင်၊ အင်္ဂလိပ်ကို အားကိုး၊ အင်္ဂလိပ်တို့က မြှောက်ထိုးပင့်ကော်လုပ်သည်နှင့် မြန်မာတို့က အင်္ဂလိပ်ပိုင် နယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက် ဖမ်းဆီးပြန်သည်။ ထိုအခါ စကားများ ပြီး မသင့်မတင့် ဖြစ်ကြပြန်သည်။

၁၉။ (ဃ) နောက်မကြာမီ မြန်မာပိုင် ရခိုင်နယ်နှင့် အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်ကြားရှိ နတ်မြစ်ဝ(ငတ်မြစ်ဝ)တွင်ရှိသော ရှင်မဖြူ ကျွန်းပေါ်၌ အင်္ဂလိပ်တို့က လာရောက်တပ်တည် အလံစိုက်လာသည် နှင့် သူပိုင်သင့် ငါပိုင်သင့် ငြင်းခုံကြ၍ မြန်မာတို့က ၎င်းတပ်ကို တိုက်ခိုက်ဖျက်ဆီးလိုက်လေသည်။

၂၀။ ထိုအခါ ၁၁၈၅ ခုနှစ် ကုန်ခါနီး (1824)တွင် ပထမစစ် ဖြစ်လေတော့သည်။ ၂ နှစ်ခန့်တိုက်၍ မြန်မာတို့ရှုံးသည်။ မြန်မာတို့က ရခိုင်နယ်နှင့် တနင်္သာရီနယ်တို့ကို ပေးရသည့်ပြင် စစ်စရိတ်ငွေ တစ်ကုဋေကိုလည်း ပေးရလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယစစ်ပွဲ

၂၁။ နောက် ၂၇ နှစ်ခန့်အကြာ ပုဂံမင်းလက်ထက် ၁၂၁၀–၁၁ ခုတွင် ဒုတိယစစ် ဖြစ်သည်။

၂၂။ အင်္ဂလိပ်တို့က မြန်မာမင်းသို့ စာတင်သည်ကား ဟံသာဝတီတွင်ရှိသော အင်္ဂလိပ်စသူ ကုန်သည်စသူတို့ကို ရန်ကုန်မြို့ (အရေးပိုင်မင်းကြီး) မြို့ဝန်ဦးအုပ်က ညှဉ်းပန်းနှိပ်စက်ပါသည်။ ၎င်းတို့ကို ကျေနပ်အောင် ပြုပါ။ ၎င်းပြင် ရန်ကုန်မြို့ဝန်ကိုလည်း နုတ်ပယ်ပါဟူ၍ ဖြစ်သည်။

BURMESE CLASSIC .com

၂၃။ ဤသို့ အညှဉ်းခံရသည်ဆိုသော အထဲတွင် မစ္စတာရှက်ပဒ်နှင့် မစ္စတာလုဝစ်ခေါ် (Mr. Sheppard and Mr.Lewis) လူ ၂ ဦး ပါသည်။ မစ္စတာရှက်ပဒ်ကို လူသတ်မှု အလွဲသုံးစားမှုတို့နှင့်လည်းကောင်း၊ မစ္စတာလုဝစ်ကို ဘင်္ဂါလီ ၂ ဦးက စွပ်စွဲသောလူသတ်မှု၊ အခြားအခကြေးငွေ မရမှုတို့နှင့်လည်းကောင်း မြို့ဝန်က ဒဏ်ငွေ ၉၀၀၀ ကျော် တပ်ထားသည်။

၂၄။ မြန်မာအစိုးရက ပြန်ကြားသည်ကား ကုန်သည်ကြီးငယ်တို့ကို ရန်ကုန်မြို့ဝန်က ညှဉ်းသည်ဟု စာတစ်စောင်ရသည်နှင့် စစ်ဆေးမည်ရှိရာ ထိုကုန်သည်ကြီးများ မုလာအိဗ်ျအင်စသော လူပေါင်း ၄၀ ကျော်တို့က မိမိတို့ကိုယ်တိုင် လက်မှတ်ရေးထိုး၍ ပထမစာသည်

www.burmeseclassic.com

www.burmeseclassic.com



မော်လမြိုင်က ဒေမာမက်ဆိုသူသည် လိမ်လည်၍ မိမိကိုယ်တိုင် မဟုတ်မလျား ကြံဆရေးသားပြီး တင်လိုက်သောစာဖြစ်ကြောင်း၊ ရန်ကုန်မြို့ဝန်သည် ကုန်သည်ကြီးငယ်တို့ကို မညှဉ်းကြောင်း၊ ကောင်းစွာကြည့်ရှုသဖြင့် ချမ်းသာစွာရှိကြောင်းများကို နောက်ထပ် စာပေးပို့ရရှိလေသောကြောင့် ၎င်းအမှုကို မစစ်ဆေးဘဲနေသည်။ သို့ရာတွင် အင်္ဂလိပ်တို့ ကျေနပ်စေရန် ယခုလက်ရှိ မြို့ဝန်ဦးအုပ်ကို အရာနုတ်သိမ်း၍ (ပြည်–ရွှေတောင်ဝန်) ဦးမှုန်ကို ရန်ကုန်မြို့ဝန် ခန့်လိုက်ပြီဖြစ်ကြောင်း၊ ထို့ပြင် ၎င်းဦးမှုန်အား အင်္ဂလိပ်တို့ ကျေနပ်လောက်အောင် အမှုအခင်းတို့ကို စစ်ဆေးစီမံရန် အမိန့်ပေးလိုက်ပြီးဖြစ်ကြောင်း စာပြန်လိုက်သည်။

၂၅။ ဦးမှုန် ရန်ကုန်သို့ ရောက်လာ၍ အမှုအခင်းတို့အတွက် စစ်ဆေးစီမံရန် ၎င်းတို့ရေ့ဆောင် ကွန်မိုဒိုလန်ဘတ် (Commodore Lambert)ထံသို့ စေလွှတ်ခေါ်ရာ လန်ဘတ်၏စကားပြန် အက်ဒွပ် (Mr. Edwards)သည် စာယူလာ၏။ မြို့ဝန်က လူမလာဘဲ စာလာလျှင် အက်ဒွပ်တစ်ယောက်သာ လာရမည်ဟု တင်ကြိုမှာထားလျက်နှင့် စာလာပို့သူ အက်ဒွပ်သည် အမေရိကန်ဆရာကင်းကိတ် (Mr. Kincaid)နှင့် ဗိုလ်ငယ်လေးယောက်တို့ကိုပါ ခေါ်လာသဖြင့် မှာထားသောအမိန့်ကို ကျူးလွန်သည့်ပြင် ၎င်းတို့လူစုသည် မြင်းစီး၍လည်း လာသည်နှင့် မြို့ဝန်၏ဝင်းအတွင်းသို့ မည်သူမျှ မြင်းစီး၍ ဝင်ရသောထုံးစံ မရှိလေသောကြောင့် အစောင့်အကြပ်တို့က မဝင်ရဟု တားလေသည်။ မြို့ဝန်လည်း အိပ်နေကြောင်း ပြောကြားလေသည်။

၂၆။ ထိုအခါ ၎င်းတို့သည် မြို့ဝန်ထံသို့ မဝင်ဘဲပြန်သွားကြသည်။ မြို့ဝန်ကလည်း လန်ဘတ်ထံသို့ ၎င်း၏လူများ လာရောက်စဉ်က အရက်များ မူးယစ်၊ ရန့်ကြမ်းသောစကားများကို ပြောဆို၊ အစောင့်အကြပ်လူငယ်များနှင့် စကားများသွားကြောင်း ရေးသားတိုင်တန်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



၂၇။ ထိုအခါ လန်ဘတ်တို့လူစုသည် ရန်ကုန်အလွန်တွင် ဆိုက်ကပ်ထားသော မြန်မာပိုင် ရေနန်းယဉ်သာ သင်္ဘောတော်ကြီးကို အတင်းတွဲခုတ် လုယူသွားလေသည်။

၂၈။ ထိုသည့်နောက် အင်္ဂလိပ်တို့က

(၁) မစ္စတာရှက်ပဒ်နှင့် မစ္စတာလုဝစ်တို့ထံမှ တပ်ရိုက်သော ဒင်္ဂါးငွေ ၉၀၀ဝိ ကျော်ကို ပြန်ပေးရန်၊

(၂) မြို့ဝန်ထံသို့ စာပို့လာသူတို့ကို အတွေ့မခံသဖြင့် အရှက်ရသည်ကို ကျေနပ်အောင်ပြုရန်၊

(၃) ပထမစစ်ပွဲ ရန္တပိုစာချုပ်အရ အင်္ဂလိပ် ကိုယ်စားလှယ်ခန့်ထားသည်ကို ၎င်းဂုဏ်နှင့်ညီအောင် လက်ခံထားရန်၊

ဤ ၃ ချက်ကို ကျေနပ်အောင်ပြုမှ ၎င်းတို့ အတင်းလုယူသွားသော မြန်မာသင်္ဘောကို ပြန်ပေးပြီး ၎င်းတို့ တိုက်သင်္ဘောများကို နုတ်သိမ်းပြန်သွားမည်ဟု အကြောင်းကြားလေသည်။

၂၉။ မြန်မာအစိုးရက ပြန်သည်ကား ပထမအချက် ၂ ချက်ကို ကျေနပ်ပြီးစီးအောင် ဆောင်ရွက်ရန် မြို့ဝန်ကို အမိန့်ပေးပြီးဖြစ်သည်။ မြို့ဝန်ကလည်း စီမံလိမ့်မည်။ တတိယအတွက်ကား တစ်စုံတစ်ရာ ကန့်ကွက်ရန်မရှိ။ အင်္ဂလိပ်ကိုယ်စားလှယ်ကို နေပြည်တော် အမရပူရမှာဖြစ်စေ၊ ရန်ကုန်မှာဖြစ်စေ ကြိုက်ရာအရပ်တွင် တိုက်အိမ်နေရာ ပေးကမ်းချထားနေထိုင်ပါစေမည်ဟု စာပြန်သည်။

၃၀။ ဤသို့ မြန်မာတို့က အကျေအလည်ဖြစ်ရန် စီမံသောအခါ အင်္ဂလိပ်တို့က ကွေ့လည်ဆန်းပြား စကားပိုလာပြန်သည်ကား အထက်ပါ တောင်းဆိုချက် ၃ ချက်အပြင်

(၁) ၎င်းတို့ ချီတက်ခဲ့သည့် စရိတ် တစ်သန်းကိုလည်း ပေးရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ရန်ကုန်မြို့ဝန်က ၎င်းတို့ တိုက် သင်္ဘောအုပ်ရှိရာသို့ (လန်ဘတ်ရှိရာသို့) လာရောက် စကားပြောရမည်။ ၎င်းတို့ အရှုံးရသည်ကိုလည်း တောင်းပန်ရမည်ဟု လွှန်လွှန်ကျူးကျူး ထပ်မံတောင်းဆိုလေသည်။

၃၁။ ထိုသို့ ကဲလွန်လာသော အချက်တို့ကြောင့်သာ ဒုတိယစစ် ဖြစ်ရလေသည်။ မြန်မာတို့ရှုံး၍ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းယူလေသည်။ မြန်မာနိုင်ငံ ၃ ပုံ ၂ ပုံ ပါလေပြီ။

*

www.burmeseclassic.com

www.burmeseclassic.com

# တတိယစစ်ပွဲ

၃၂။ မစ္စတာနဲ့ကြက်စ် စသော သူတို့ပြောကြသောအကြောင်းတို့မှာ အများအားဖြင့် ဤတတိယစစ်ပွဲနှင့်ဆိုင်သည်။ ၎င်းတို့အဆိုကား

(က) အင်္ဂလိပ်လက်အောက်ခံတို့ကို နှိပ်စက်သည်။

(ခ) မင်းညီမင်းသားစသော လူများစွာတို့ကို ရက်စက်စွာ သတ်ပစ်သည်။

၃၃။ ဤအချက်တို့အနက် ပထမအချက်ကို စုံစမ်းသော် အင်္ဂလိပ်လက်အောက်နေ ဒိုဘီကုလား ၂ ယောက်သည် ညအခါ မှောင်မည်းမည်းတွင် မီးအိမ်မပါဘဲ သွားလာနေသည်ကို မြန်မာပုလိပ်က မြင်တွေ့၊ ဖမ်းဆီး ချုပ်နှောင်ထားသည်။

၃၄။ (Captain Doyle)ကပ္ပတိန်ဒွိုင်းလ်ဆိုသူသည် ရောဝတီမြစ်ကမ်းရိုးတစ်နေရာ၊ မြန်မာတို့အထွတ်အမြတ်ထားသော နေရာပေါ်သို့ လျှောက်သွားသဖြင့် မြန်မာအရာရှိက ဖမ်းဆီး၊ မိုးရွာထဲ၌ ၂ နာရီမျှ အကျဉ်းချထားသည်။

၃၅။ (Colonel Wyndham)ကာနယ်ဝိုင်းဓမ်းဆိုသူသည် မန္တလေး၌ မီးပုံးပျံစီးပြမည်လုပ်နေစဉ် မြန်မာတို့က ဝိုင်းဝန်းရိုက်ပုတ် ညှဥ်းဆဲသည်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



၃၆။ ရောဝတီ ဖလိုတီလာကုမ္ပဏီ မီးသင်္ဘောတစ်စင်းပေါ်မှ သင်္ဘောစီးသူ ၃၀ ခန့်ကို အမိန့်စာချွန်မပါဘဲ မြန်မာအရာရှိတို့က အတင်းခေါ်ငင်ယူချသွားသည်။

၃၇။ ဤသည်တို့နှင့် ပတ်သက်၍ အင်္ဂလိပ် ကိုယ်စားလှယ် မစ္စတာရှောက အရေးယူရန် ကင်းဝန်မင်းကြီးသို့ တိုင်ကြားသောအခါ ကင်းဝန်မင်းကြီးက ပုလိပ်စသော မြန်မာအရာရှိတို့သည် ကုလား ၂ ယောက်ကို အချိန်မတော်၌ မီးမပါဘဲ သွားလာနေသည်ကို တွေ့၍ သူခိုး လူဆိုးထင်ပြီးကာ ဖမ်းဆီးလိုက်မိကြောင်း၊ မစ္စတာဒွိုင်းလ်ကိုလည်း မသွားရဆိုသောနေရာကို သွားမိသဖြင့် ဆိုင်ရာက ဝတ္တရားအတိုင်း ဖမ်းဆီးချုပ်ထားမိကြောင်း၊ သို့ကြောင့် တမင်ညှဉ်းပန်းစော်ကားခြင်း မဟုတ်၊ မှားယွင်းမှုသာဖြစ်ကြောင်း၊ ဤသို့ဖြစ်ရသည်ကို ဝမ်းနည်းကြောင်း ပြန်ကြားလေသည်။

၃၈။ ပြန်ကြားပြီးနောက် ချုပ်နှောင်ထားသူတို့ကို ချက်ချင်း လွှတ်စေသည့်ပြင် ဒိုဘီကုလား ၂ ယောက်ကို ဖမ်းဆီးချုပ်နှောင်ထားသူ တို့ကို ကြိမ်ဒဏ် ၁၀ ချက်စီပေးသည်မှတစ်ပါး ထိုဒိုဘီကုလားများဆီက တောင်းခံယူထားသော ငွေကြေး၏ ၂ ဆပြန်၍ ပေးစေသေးသည်။

၃၉။ ကပ္ပတိန်ဒွိုင်းလ်ကို ချုပ်ထားသော မြန်မာအရာရှိကိုလည်း အရာမှချပြီး ထောင်ဒဏ်ကိုပင် ပေးလေသည်။

၄၀။ မီးပုံးပျံစီးမည့်သူ ကာနယ်ဝိုင်းခမ်းကို စော်ကားသည်ဆိုရာ၌ မြန်မာတို့ ချေပချက်ကို မတွေ့ရချေ။ သို့ရာတွင် သက်သက်စော်ကား မည်ကား မဟုတ်။ ၎င်းက မြန်မာတို့ မနှစ်မြို့ မခံချင်ဖွယ် တစ်ခုခုကို ပြုလုပ်မိသည် ဖြစ်လိမ့်မည်ဟု ထင်ရန်ရှိသည်။

၄၁။ မည်သို့ပင်ဖြစ်စေ၊ မဟာမိတ်ဖြစ်သော အင်္ဂလိပ်အစိုးရ၏ ကျေးတော်မျိုး ကျွန်တော်မျိုး လက်အောက်ခံ ဥရောပတိုက်သားတို့ကို

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပုလိပ်အရာရှိတို့က ညှဉ်းပန်းခြင်းမပြုရဟု မြန်မာအစိုးရက ရာဇဝတ်ရုံးတော်တွင် အမိန့်ကြော်ငြာများ ကပ်ထားလိုက်လေသည်။

၄၂။ သဘော်စီး ၃၁ ခန့်နှင့် စပ်၍ကား မြန်မာဘုရင်၏ ကျေးကျွန်များဖြစ်၍ အခြားသို့ ထွက်မသွားရန် ပြန်၍ ခေါ်ငင်ခြင်း ဖြစ်သဖြင့် တစ်စုံတစ်ရာ အပြစ်မဆိုထိုက်ပေ။

၄၃။ ဤသို့အားဖြင့် ထိုအမှုတို့နှင့် ပတ်သက်၍ မြန်မာတို့က အလွန်လိုက်လျောစွာ ဆောင်ရွက်ပေးခြင်းသည် အင်္ဂလိပ်တို့ ကျေနပ်လောက်ဖွယ် ဖြစ်သည်။ အယုတ်သဖြင့် အင်္ဂလိပ်တို့က စစ်ပြု၍ တိုင်းပြည်ကို သိမ်းလောက်အောင် ကြီးကျယ်သောအကြောင်းများ မဟုတ်ချေ။

*

www.burmeseclassic.com

www.burmeseclassic.com

# ဖိနပ်စီးခြင်းကိစ္စ

၄၄။ အချို့အင်္ဂလိပ်တို့ရေးသော စာအုပ်ငယ်များ၌ အင်္ဂလိပ် သံတမန်စသူတို့ မြန်မာဘုရင်ရှေ့တော်တွင် ဖိနပ်မစီးရသည်ကို အလွန်မကျေနပ် ဝမ်းပန်းနည်းတော်မူကြပုံ ရေးထားလေသည်။ ဤကိုပင် မကျေနပ်သော အချက်တစ်ရပ်ဟုလည်း ပြလိုကြသည်။

၄၅။ ၁၂၃၇ ခု (1875)လောက်တွင် မင်းတုန်းမင်းတရားကြီး လက်ထက် အိန္ဒိယဘုရင်ခံက အင်္ဂလိပ်သံတမန်များကို ဘုရင်ရှေ့မှာပင် ဖြစ်စေ ဒူးမထောက်ရ၊ ဖိနပ်မချွတ်ရဟု မိန့်မှာထားလေသည်။ ထိုအခါ မင်းတုန်းဘုရင်သည် ထိုအခါမှစ၍ အင်္ဂလိပ် အရာရှိတို့ကို ရှေ့တော်သို့ ဝင်ရောက်ခွင့်မပြုတော့ချေ။ ပြောဆိုစီမံရန်ရှိသည်တို့ကို ဆိုင်ရာ မှူးမတ်ကြီးများနှင့်သာ လွှဲထားတော်မူသည်။

၄၆။ ဤတွင် အင်္ဂလိပ်တို့လွန်လေသည်။ လူတစ်မျိုး၏ထုံးစံကို လူတစ်မျိုးက မရိုမသေမပြုသင့်။ သဘောကောင်းစွာသော မင်းတုန်းဘုရင်သည် စကားနည်း ရန်နည်းဖြစ်အောင် ဖိနပ်စီးနိုင်သောနေရာ မှူးမတ်ကြီးတို့နှင့် လွှဲတော်မူသည်။ ဤမျှနှင့် အင်္ဂလိပ်တို့ ကျေနပ်သင့်သည်။ အတွန့်မတက်သင့်။

*

www.burmeseclassic.com

www.burmeseclassic.com

# မင်းသွေးများကို သတ်ပစ်ခြင်း

ယခုသော် မင်းသားမင်းသမီး ၄၀ ကျော်ကို သတ်ပစ်မှုကိစ္စ၊ တောင်ထ၍ လူ ၂၀၀ ကျော်သေမှုကိစ္စတို့သို့ ရောက်လာပြီ။ ဤအချက်ကို ကျွန်ုပ်တို့ ကိုယ်တိုင် ဝမ်းနည်းလှ၏။ မလွှဲသာ၍သာ စားမြုံ့ပြန်ရတော့သည်။

၄၇။ ၁၂၄၀ ပြည့် မင်းတုန်းမင်းတရားကြီး မမာတော်မူလျှင်ပင် နောက်ဆက်ခံမည့် မင်းအတွက် စိမ်ကြရတော့သည်။ ထိုအခါက မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းမတော်မိဖုရား ဆင်ဖြူမရှင်နှင့် ကင်းဝန်မင်းကြီးတို့မှာ နန်းတော်တွင် တန်ခိုးသြဇာအကြီးဆုံး ဖြစ်နေကြလေသည်။

၄၈။ ကင်းဝန်မင်းကြီးတို့၏ ရည်ရွယ်ချက်ကား ထိုအခါက အင်္ဂလိပ်နှင့် စောင်လျက်ရှိနေကြသဖြင့် စစ်လိုလားသော စားထက်သော မင်းနန်းတက်လျှင် စစ်ဖြစ်၍ မြန်မာနိုင်ငံဆုံးမည်ကို သိမြင်လေသည်။ သို့ကြောင့် မိမိတို့ကြိုးဆွဲရာ ပါမည့်မင်းကို လိုလေသည်။ သို့ဖြစ်သော် သားတော်ကြီးများဖြစ်သော သုံးဆယ် မက္ခရာ ညောင်ရမ်းမင်းသားတို့မှာ စိတ်ထက်ကြသည်။ ဆွဲရာပါမည် မဟုတ်။ ၎င်းတို့ကို မင်းပြုစေ၍ မဖြစ်။ သို့ကြောင့် အသက်ငယ်၍ စိတ်နူးညံ့သော ဆွဲရာပါသော သီပေါမင်းကို ထိုသြဇာကြီးတို့က ရွေးကြလေသည်။ အလယ်နန်းမတော်

www.burmeseclassic.com

www.burmeseclassic.com



မိဖုရား ဆင်ဖြူမရှင်ကလည်း သီပေါမင်းကို မိမိသမီးတော်များနှင့် ထိမ်းမြားမည်ဟု မှန်းထားခြင်းလည်း ရှိလေသေးသည်။

၄၉။ ထိုသို့ သီပေါမင်းသားငယ်ကို ရွေးရုံနှင့် မပြီးသေး။ အခြားမင်းသားကြီးငယ်တို့ကိုလည်း ရန်မပြုနိုင်အောင် လုံခြုံစွာထားဖို့ ရှိလေသေးသည်။ သို့ဖြစ်၍ မင်းတုန်းမင်းတရားကြီး အမိန့်နှင့်ဆို၍ သားတော် မြေးတော် တူတော် စသူအားလုံးတို့ကို အတွင်းတော်သို့ ခေါ်ယူကြလေသည်။ ၄၀ ကျော် လာရောက်၊ ဖမ်းဆီး၊ ခြေချင်းစွဲရိုက် မြောက်ဥယျာဉ်တော်တွင် ချုပ်ထားလိုက်လေသည်။

၅၀။ သားတော် ညောင်ရမ်းနှင့်ညောင်အုပ်မင်းသား ၂ ပါးကား မသက်ာ၍ မသွားရောက်ဘဲ အင်္ဂလိပ်ကိုယ်စားလှယ်တို့ထံသို့ ပြေးဝင်ခိုနေလေသည်။

၅၁။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံ၍ သီပေါမင်း နန်းတက်သောအခါ ထိုအကျဉ်းထားသော မင်းသွေးတို့ကို မသတ်ဖြတ်ဘဲ သားမယားနှင့်တကွ အိမ်တစ်ဆောင်စီဆောက်ပေး၊ ၎င်းအိမ်စုကို အပြင်က အကာအရံပြုပြီး အစောင့်အရှောက်နှင့် လုံခြုံစွာ ထားသင့်ကြောင်း မှူးမတ်စုံညီလျှောက်ထားချက်အရ နန်းတော်ကြီး အနောက်မျက်နှာ စည်ရှည်တံခါး၊ လမ်းမတော်တောင်ဘက် ရှေးလက်ဝဲကွက်အတွင်း စတုရန်းတာ ၄၀ ကျော်ရှိသော ဝင်းရာမြေတွင်း လွှတ်တော် အရာရှိကြီးတို့ ကြီးကြပ်၍ အုတ်ဝင်းကြီး လုပ်ဆောင်ရသည်။

၅၂။ သို့လုပ်ဆောင်နေသည့်အတွင်း လက်သုံးတော်ကြီးကိုင် မြောက်ထားဝယ်ဗိုလ်၊ ရနောင်မြို့စားစသော လက်သုံးတော်ကိုင် အရာရှိ အချို့တို့က ယခု မင်းသားများချုပ်ထားရာ ကြေးတိုက်သည် သီပေါမင်း၏ မယ်တော်ဘုရား အိမ်ဖြူတော်ဦးကျခြင်းကြောင့် မသင့်လျော်ပါ။ အိမ်ဖြူတော်သိမ်းရန် အခမ်းအနားလည်း နီးကပ်လာပါပြီ။ သို့ကြောင့် အုတ်ဝင်းကြီး မပြီးမီအတွင်း မင်းသားတို့ကို ရွှေနန်းတော်ပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဆောင်၍ ထောင်ကြီးတွင် အကျဉ်းချုပ် ထားပါရမည့်အကြောင်း သာမည လျှောက်ထား အမိန့်ခံပြီးလျှင် ထိုမင်းသား မင်းမြေးတို့ကို အမှုထမ်း လက်နက်စွဲ ၄၀၀ နှင့်ကြပ်မတ်၍ ထောင်ကြီးသို့ ညနေ ၆ နာရီ ခန့်တွင် ပြောင်းရွှေ့ကြလေသည်။

၅၃။ ည ၉ နာရီကျော်တွင် အထက်အဆိုပါ မြောက်ထားဝယ်ဗိုလ်၊ ရနောင်မြို့စားမောင်တုတ်၊ ၎င်း၏ညီ ပင်းသာမြို့စား မောင်ပြောင်၊ ရွှေလက်ဝဲဗိုလ်၊ မာရဘင်ဗိုလ်စသော အချို့သော လက်သုံးတော်ကြီးကိုင် တို့က ခေါင်းဆောင်၍ ထိုမင်းသားမင်းမြေး ၄၀ ကျော်တို့ကို ဖျက်ဆီး သုတ်သင်ပစ်လိုက်ကြလေသည်။ ထိုကိစ္စတွင် အချို့ကြီးမှူးသူတို့ သိရှိ၍ မျက်စိမှိတ်နေလိုက်ကြသည်။ ထိုဖျက်ဆီးမှုကား နန်းတက်၍ ၅ လ ခန့်တွင် ဖြစ်လေသည်။

၅၄။ ဤသတ်ဖြတ်မှုတွင် သီပေါဘုရင်က အမိန့်မပေးရကြောင်း၊ မသိရကြောင်းတို့ကို ကုန်းဘောင်ရာဇဝင် မျက်နှာ ၅၀၄ တွင် ပြထားသည်။

၅၅။ ၎င်းပြင် ဝက်မစွတ်ဝန်ထောက်တော်မင်း အနိစ္စမရောက်မီက သီပေါမင်း၏အပါးတော်မြဲ ဦးစံရွှေက မေးလျှောက်ကြည့်ရာ ထိုသို့ပင် မပါဝင်၊ မသိရကြောင်း ပြောပြဖူးသည်။

၅၆။ တစ်ဖန် ဦးစံရွှေက ရတနာဂီရိတွင် သီပေါမင်းကိုတိုက်ရိုက် မေးလျှောက်ကြည့်ရာ အမိန့်မပေးရ မသိရကြောင်း ပင်းယ မင်းသမီးကို သက်သေတည်၍ ပြန်ကြားတော်မူသည်။ သို့ပြန်ကြားပုံ အတိုချုပ်ကား (ဂီရိရတနာ ဆောင်းပါးမဟာ၊ မျက်နှာ ၇)

၅၇။ "...တစ်ညနေ နန်းတော်အနောက်ပိုင်းမှာ ပင်းယ စသော အပျိုတော် ၅ ယောက်မျှနှင့် တို့ ၂ ပါးစကားပြောနေစဉ် သီပေါမင်း၏ မယ်တော်သည် ရုတ်တရက်ဝင်လာ၍ 'မောင်ရင် မောင်ရင် သည်နန်း စည်းစိမ်ကို မလိုချင်ပါနှင့်။ မောင်ရင့်ညီတော်၊ နောင်တော်၊ နှမတော်တွေ

www.burmeseclassic.com

www.burmeseclassic.com



ရှိသေးရဲ့လား။ စစ်ဆေးကြည့်ပါဦး’ ဟုဆိုလာမှ များစွာထိတ်လန့် စစ်ဆေးကြည့်ရာ မင်းကြီးများက မရှိတော့ကြောင်း၊ တိုင်းပြည်ငြိမ်ဝပ် အောင် စီမံလိုက်ရကြောင်း လျှောက်ကြသည်။ ထိုအခါမှ ကျန်သေးသော မင်းသားများကို ချက်ချင်းတောင်းယူ ကယ်ဆယ်ထားလိုက်ရကြောင်း” ဟူ၍ ဖြစ်သည်။ သီပေါမင်း၏ မိဖုရားခေါင်ကြီး ထိပ်စုဖုရားလတ် ရန်ကုန်တွင် စံနေတော်မူစဉ်ကလည်း ဤသို့ပင် မိန့်တော်မူဖူးသည်။

၅၈။ ၎င်းကယ်ဆယ်လိုက်ရသော မင်းသားတို့မှာ ကျပင်းမင်းသား၊ ကောလင်းမင်းသား၊ ပျဉ်းမနားမင်းသား၊ မြင်စိုင်းမင်းသား၊ လယ်ကြား မင်းသားတို့ဖြစ်၍ တောင်းယူပြီးနောက် သက်န်းဝတ်ဆီး ဆရာတော်များ ထံ အပ်ထားတော်မူရသည်။ ၎င်းတို့အနက် ပျဉ်းမနားမင်းသားမှာ ယခုတိုင် မန္တလေးတွင် ရှိနေသေး၍ မေးမြန်းလျှောက်ထားနိုင်သည်။ ကောလင်းမင်းသားကြီးမှာ မကြာမီကမှ နတ်ရွာစံသွားသည်။ ထိုမင်းသား ကြီး၏ အစ်မတော်ဘုရားမှာ ယခုတိုင် ရန်ကုန်မြို့ လန်ကကာစတာလမ်း တွင် စံနေတော်မူလျက်ရှိသဖြင့် လျှောက်ထားကြည့်နိုင်သည်။

၅၉။ တဖန် ထိုသတ်ဖြတ်မှုကို အင်္ဂလိပ်ကိုယ်စားလှယ် မစ္စတာရှော က ကန့်ကွက်ရာ၌ ကင်းဝန်မင်းကြီးက တိုင်းပြည်ငြိမ်ဝပ် လူအများ ချမ်းသာရန် သုတ်သင်လိုက်ခြင်းဖြစ်ကြောင်း စာပြန်လေသည်။

၆၀။ သို့ကြောင့် သီပေါမင်းနှင့်မိဖုရားခေါင်ကြီး အရှင် ၂ ပါးကို စွပ်စွဲရန် မလိုတော့ချေ။ ဖော်ပြခဲ့သော လက်သုံးတော်ကြီးကိုင် အချို့များ သည်လည်း မင်းသားတို့ကို အကျဉ်းချုပ်ထားလျှင် ဖျောက်ဖျက်ရ တော့မည်။ ပွဲ အောင်ပြတော့မည်ဟု ကြံကာ ဖျောက်ဖျက်လိုက်ကြဟန် ဖြစ်ရကား ေ ာက်လက်ငယ်သားတို့၏ လက်၌ ထိုမင်းသွေးတို့ ရေတိမ် တွင် နစ်ကြရခြင်း ဖြစ်လေသည်။

၆၁။ သီပေါဘုရင်က ဝင်းတော်နှင့် အကျယ်ချုပ်မှု ထားမည်ဟု စီမံသည်မှာ မုချဟုတ်မှန်ရာသည်။ ထိုအခါက ဝင်းတော်ကြီးကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



ဆောက်လုပ်ဆဲဖြစ်သည်။ ထိုသို့ မသတ်ဘဲထားခြင်းမှာ အစဉ်အလာလည်း ရှိသည်။ အထူးသဖြင့် ယခု ကုန်းဘောင် ၁၁ ဆက်တွင် မင်း ၆ ပါးတို့မှာ လက်ရှိဘုရင်ကို မသတ်ဖြတ် မပယ်ရှားဘဲ အရိုးအစဉ်အတိုင်း နန်းတက်သည်။ ၅ ပါးမှာ ဖယ်ရှား၍ နန်းတက်သည်။ ၎င်း ၅ ပါးအနက် ကုန်းဘောင်မင်းနှင့် မင်းတုန်းမင်းတရားကြီးတို့မှာ လက်ရှိဘုရင်တို့ကို မသတ်ဖြတ်ဘဲ နန်းချရုံချ၍ ကံကျွေးမွေးအိမ်နှင့် ကောင်းစွာပင် ထားကြလေသည်။ ကုန်းဘောင်မင်းမှာ နောင်တော်ဖြစ်သော ဘကြီးတော်ဘုရင်ကို နန်းချ၍ ကောင်းစွာထားသည်။ မင်းတုန်းမင်းတရားမှာ နောင်တော်ပုဂံမင်းကို နန်းချ၍ ကောင်းစွာထားသည်။

၆၂။ ဤသို့ ဘိုးတော်ဖြစ်သော ကုန်းဘောင်မင်း၊ ခမည်းတော်ဖြစ်သော မင်းတုန်းမင်းတို့၏ထုံးစံကို မှီး၍ ယခုသီပေါမင်းသည်လည်း နောင်တော် စသူတို့ကို မသတ်ဘဲ လုံခြုံစွာထားရန် စီမံသည်ဆိုသည်မှာ စင်စစ် ဟုတ်မှန်ရာသည်။

၆၃။ ဤသို့ မင်းသွေးများသေကျေပျက်စီးရခြင်းအတွက် ဘုရင်၊ မိဖုရား၊ မှူးမတ်၊ လက်သုံးတော်ကိုင်တို့ကို အပြစ်မတင်လိုဘဲ ထိုအခါက မြန်မာနိုင်ငံတွင် တစ်မင်းတက်လျှင် ဆွေသားမျိုးသားတို့ကို စိုးရိမ်၍ ဖယ်ရှားရခြင်း ထုံးစံတည်ရှိနေသည်ကိုသာ အပြစ်တင်ဖွယ် ရှိသည်ဟု ယူဆသင့်သည်။

၆၄။ ဤသို့ဖယ်ရှားရသော ထုံးစံမှာလည်း ကမ္ဘာပေါ်တွင် အနှံ့အပြားရှိသည်ကို တွေ့ရသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## ဆွေသားမျိုးသားတို့ကို ဖယ်ရှားပစ်ခြင်း

## အလေ့ထုံးစံများ

၆၅။ ခရစ်ယာန်ကျမ်းစာ၊ တရားသူကြီးမှတ်စာ (Judges IX,1-5) တွင် အဘိမဲလက် (Abimelech)သည် မိမိ၏ညီအစ်ကို ၇၀ မျှကို သတ်ဖြတ်ပစ်ခြင်း၊ ပထမ ဓမ္မရာဇဝင် (I Kings XV, 29)တွင် ဘားရှ (Baasha) သည် ဂျေရိုဘွန်း (Jeroboam)၏ အမျိုးအဆက်အနွယ်တို့ကို ဖျက်ဆီးပစ်ခြင်း၊ ဒုတိယ ဓမ္မရာဇဝင် (2 Kings X, 1-11)တွင် ဂျေဟူး (Jehu) သည် အဟာဗ်(Ahab)၏သား ၇၀ တို့ကို သတ်ပစ်ခြင်းတို့ကို တွေ့ရလေသည်။

၆၆။ အာဖရိကတိုက်တွင် ဘီနင် (Benin)ဘုရင်တစ်ပါးပါး နန်းတက်လျှင် မိမိ၏ညီအစ်ကိုအားလုံးတို့အား မိမိတို့ကိုယ်ကို မိမိတို့ပင် ကြိုးဆွဲချ၍ သတ်စေခိုင်းသည်။ သို့သေကြလျှင်ကား အခမ်းအနားကြီးစွာဖြင့် အလောင်းတို့ကို သင်္ဂြိုဟ်လေ့ရှိသည်။

၆၇။ ဥဂန္ဒ (Uganda)နယ်တွင် ဘုရင်ငယ်အရွယ်သို့ ရောက်သောအခါ မိမိ၏ ညီအစ်ကိုအားလုံးတို့ကို မီးရှို့သတ်ပစ်တတ်သည်။ ၂ ယောက်၊ ၃ ယောက်မျှသာ အမျိုးဆက်ရန် ဆက်ခံရန် ချန်ထားတတ်သည်။

၆၈။ ငါလ (Ngala)တွင် ညီအငယ်တစ်ဦးဦး နန်းတက်လျှင် အစ်ကိုအားလုံးတို့ကို မှူးမတ်တို့က ယူဆောင်၍ နန်းတော်တံခါးအတွင်း အရှင်လတ်လတ်မြှုပ် သတ်တတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၆၉။ အရွယ်ရောက်ပြီးတို့ကို မဆိုမူ၍ မမွေးခင် မွေးပြီးနောက် ငယ်စဉ်ကလည်း ဖျောက်ဖျက်တတ်ကြသေးသည်။ မြန်မာပြည်တွင် အနော်ရထာမင်းလက်ထက် ကျန်စစ်သားကို စိုးရိမ်၍ မမွေးမီ မွေးပြီး ကလေးများကို သတ်ဖြတ်ပစ်သည်ဟု ပြောဆိုကြသည်။

၇၀။ ဟီရိုဒိုတိုစ် ကျမ်း(Herodotos)တွင် ကိုရင်သ် (Corinth) အကြီးအမှူးတို့သည် စိုင်ဆီလူစ် (Cypselus) သူငယ်ကို စိုးရိမ်၍ အသတ်ခိုင်း၏။ သေကား မသေ။

၇၁။ စိန်မက်သယူကျမ်း (St. Mathews II)တွင် ဟီရွဒ်(Herod) သည် ကလေးများစွာကို သတ်လေသည်။

၇၂။ မဟာဝံသကျမ်းတွင် ပဏ္ဍုကဘာယ ငယ်စဉ်က ၎င်း၏ ဦးလေးများက သတ်ရန် ၂ ကြိမ်အားထုတ်သည်။ သို့ရာတွင် မသေ လွတ်လေသည်။

၇၃။ ငါးရာငါးဆယ် ဃဋဇာတ်ဇာတ်၌ ကံသမင်းသည် တူတော် တစ်ကျိပ်ကို သတ်ရန်ကြံသည်။

၇၄။ မဏိပူရရာဇဝင်တွင် မင်းတစ်ပါးသည် မိမိသားက မိမိကို သတ်လိမ့်မည် အဟောရှိ၍ မိမိမိဖုရားများက ဖွားသမျှသားငယ်တို့ မွေးမွေးခြင်း သတ်၍သတ်၍ ပစ်စေသည်။

## အင်္ဂလိပ်ရာဇဝင်တွင် သတ်ဖြတ်မှုများ

၇၅။ ဤသို့ အခြားပြည်နယ်များကို ထားဘိဦး။ အင်္ဂလိပ်ရာဇဝင် တွင်ပင်လည်း ထိုသို့နန်းတက်မှု ရမှုနှင့်စပ်၍ ဆွေသားမျိုးသားချင်း သော်လည်းကောင်း၊ နီးစပ်သူသော်လည်းကောင်း ရက်စက်စွာ အသတ် အဖြတ်ခံကြရသည်ကို တွေ့ရလေသည်။

၇၆။ အင်္ဂလိပ်ရာဇဝင်တွင် ဧရှးမင်းဆက် ကျူဒါမင်းဆက် စကျူဝပ်မင်းဆက်၊ ဟန်နိုဗာမင်းဆက်ဟု အကြမ်းအားဖြင့် ရှိခဲ့ရာ။

## အင်္ဂလန်ပြည်ရှေးမင်းဆက်များတွင်

၇၇။ ခရစ်သက္ကရာဇ် ၉၇၈။ ဒိန်းဘုရင် အက်ဂါး (Edgar)တွင် ဒုတိယအက်ဒွပ် (Edward II)နှင့် ဒုတိယအက်သဲလ်ရက် (Ethelred

www.burmeseclassic.com

www.burmeseclassic.com



II) ဟူ၍ သား ၂ ယောက်ရှိရာ အက်ဒွပ်ကို ၎င်း၏မိထွေးက သတ်စေ၏။ အကြောင်းကား အက်သဲလ်ရက်ကို နန်းတက်စေလိုသောကြောင့် ဖြစ်၏။

၇၈။ ၁၀၆၆ တွင် ဟားရိုးလ် (Harold) ၎င်း၏ညီ တော့စတစ် (Tostig)၊ ဝီလျံ (William)တို့လည်း အချင်းချင်းတိုက်ခိုက် သတ်ဖြတ် နန်းလုကြလေသည်။

၇၉။ ၁၁၃၅–၅၄ စတီဖင်ဘုရင် (Stephen)လက်ထက် အခါ မကောင်း၍ အလွန်သေကျေပျက်စီး ကြရကုန်၏။ အချို့ တန်ခိုးကြီးသော အမတ်ကြီးတို့သည် ဆင်းရဲသားတို့အား ညှဉ်းပန်းနှိပ်စက် ငွေကြေး တောင်းယူ ပြုကြ၏။ အချို့တို့ကို အစာငတ်ထားခြင်း၊ ခြေ ထောက်ထိုး ဆွဲထား၍ မီးခိုးဖြင့် မြှိုက်ခြင်း၊ လက်မဖြင့်သာ ကြိုးချည်ဆွဲထားခြင်း၊ ဦးခေါင်းဖြင့်သာ ကြိုးဆွဲထားခြင်း၊ မီးမြှိုက်ခြင်းတို့ကို ပြုလေသည်။

၈၀။ ၁၁၉၉–၁၂၁၆ ဂျွန်(John)နှင့် ၎င်း၏တူ အာသာ(Arthur) တို့ နန်းလုကြရာ အာသာအသတ်ခံရ၏။

၈၁။ ၁၃၀၇–၁၃၂၇ ဒုတိယ အက်ဒွပ် (Edward II)လက်ထက် ၎င်း၏ မိဖုရား အစ္စဘဲလ (Isabella)သည် မကျေနပ်သည်နှင့် ရိုဂါ မော်တင်မား(Roger Mortimer)နှင့် ပူးပေါင်း၍ မိမိ၏လင်ကို တိုက်ခိုက် ဖမ်းဆီး အကျဉ်းထား၊ နောက်ပါလီမန်က နန်းချ အဆုံး၌ ၎င်းအက်ဒွပ် ရက်စက်စွာ အသတ်ခံရ၏။

၈၂။ ၁၄၅၅–၁၄၈၅ နှင်းဆီစစ်ပွဲ (Wars of Roses)တွင် မင်းဆွေမင်းမျိုးတို့ သတ်ဖြတ် သေကျေပျက်စီးကြသည်။ ယောက်၊ ဝါရစ်က်၊ ကလဲယားရင်းစ်၊ မာဂရက်၏သား အက်ဒွပ် (ဝေလမင်းသား)၊ ဆဋ္ဌမ ဟင်နရီဘုရင် (York, Warwick, Clarence, Margarets' son Edward, Prince of Wales, King Henry VI)တို့ အသတ်ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



၈၃။ ၁၄၈၃ စတုတ္ထအက်ဒွပ်ဘုရင် (Edward IV) နတ်ရွာစံသော အခါ ပဉ္စမအက်ဒွပ်နှင့် ယောက်မြို့စားရစ်ချတ်(Richard)ဟူ၍ သားငယ် ၂ ယောက် ကျန်ရစ်၏။ အက်ဒွပ် နန်းတက်ရသည်။ ထိုအခါ ၎င်းတို့ ဦးလေး ဂလောက်စတားမြို့စား ရစ်ချက်က ထိုသူငယ် ၂ ယောက်ကို လန်ဒန်ရဲတိုက်ထောင်ကြီး (Tower of London)သို့ပို့၍ တိတ်တဆိတ် ရက်စက်စွာ သတ်ပစ်လေသည်။ ပြီးမှ မိမိကိုယ်တိုင် တတိယရစ်ချက် အမည်နှင့် နန်းကိုယူသည်။

## ကျူဒါမင်းဆက်

၈၄။ ၁၅၀၉–၁၅၄၇ အဋ္ဌမ ဟင်နရီ (Henry VIII)လက်ထက် အင်ပဆင်၊ ဒဒ္ဒလီ၊ ကရောင်းဝဲလ်၊ မာဂရက်၊ ဆာရေးမြို့စား(Empson, Dudley, Cromwell, Margaret, Earl of Surrey)တို့ အသတ်ခံရသည်။

၈၅။ သာသနာရေးနှင့်စပ်၍ ဆာတောမတ်စ်မိုး၊ ဘိရှပ်ဖစ်ရှား (Sir Thomas More, Bishop Fisher)တို့ အသတ်ခံရသည်။ ထိုအခါက သာသနာဂိုဏ်း ၂ ဂိုဏ်းရှိရာ ၂ ဂိုဏ်းလုံးပင် မီးရှို့သတ်ဖြတ်ခြင်းများကို ခံရလေသည်။

၈၆။ အထူးကား ထိုမင်း၌ မိဖုရား ၆ ပါးရှိရာ ၂ ပါးကိုကွာသည်။ ၂ပါးကို ခေါင်းဖြတ်၍သတ်သည်။ ၁ ပါးသေဆုံးသည်၊ ၁ ပါးကျန်သည်။

၈၇။ ၁၅၅၃–၅၈ မေရီဘုရင်မ နန်းတက်စတွင် ၎င်း၏ တူမတော်သော နန်းလုဖက် လေဒီဂျိန်းဂရေး (Lady Jane Gray) ၎င်း၏ လင် အဖ ယောက္ခမတို့ပါ အသတ်ခံရသည်။ ၎င်းပြင် ဆာတောမတ်စ်ဝိုက် ယတ်(Sir Thomas Wyatt)လည်း အသတ်ခံရသည်။

၈၈။ သာသနာရေးနှင့်စပ်၍ ဘုန်းကြီးများဖြစ်သော ကရမ်မား၊ ဖားရား၊ ဟူးပါ၊ လက်တင်မား၊ ရစ်ဒလီး (Cranmer, Ferrar, Hooper, Latimer, Ridley) တို့နှင့်တကွ အခြားလူ ၃၀၀ ခန့် မီးမြှိုက် မီးရှို့၍ အသတ်ခံကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



၈၉။ ဤဘုရင်မလက်ထက် အသတ်အဖြတ်များလွန်း၍ ဘလတ်ဒီမေရီ (Bloody Mary)ဟု ခေါ်လေသည်။

၉၀။ ၁၅၅၈–၁၆၀၃ အေလိဇဘတ်(Elizabeth)ဘုရင်မသည် တူမတော် မေရီ(Mary)ကို သတ်ရလေသည်။

## စကော့ဂျူဝပ်မင်းဆက်

၉၁။ ၁၆၀၃–၁၆၂၅ ပထမဂျိမ်းစ် (James I)ဘုရင်သည် ဆာဝေါလတာရလီ၊ ဂိုင်းဖော့က်စ်( Sir Walter Raleigh, Guy Fowkes) တို့ကို သတ်ပစ်သည်။

၉၂။ ၁၆၂၅–၁၆၄၉ ပထမချားလ်စ် (Charles I) ဘုရင်သည် အမတ်ကြီးနှင့် ဘုန်းကြီးကို သတ်ပြီးနောက် မိမိကိုယ်တိုင်လည်း အသတ်ခံရသည်။

၉၃။ ၁၆၆၀–၁၆၈၅ ဒုတိယချားလ်စ် (Charles II) ဘုရင်သည် မိမိ၏ ခမည်းတော်ကို သတ်ပစ်စေသော ခေါင်းဆောင် ၁၃ ယောက်ကို သတ်သည်။

၉၄။ ၎င်းတို့အနက် ကရောင်းဝဲလ်၊ အိုင်းရီတန်၊ ဗရက်ဒ်ရှော (Cromwell, Ireton, Bradshaw) ဤ ၃ ယောက်၏ အလောင်းတို့ကို ထုတ်ဖော်၍ ထိုပထမချားလ်စ် အသတ်ခံရသော နှစ်တစ်ပတ်လည်နေ့တွင် တိုင်းဗန်း(Tyburn) အရပ်၌ လူအများမြင်နိုင်ရန် ကြိုးဆွဲချထားလေသည်။ (အပိုဒ် ၁၀၁၊ ၁၀၂ တို့နှင့်ယှဉ်ကြည့်)

၉၅။ ၁၆၈၅–၁၆၈၈ ဒုတိယဂျိမ်းစ် (James II) ဘုရင်လက်ထက်၌ သူပုန်ဆိုပြီးလျှင် လူ ၃၀၀ ကျော်ကို (Bloody Assize) "ငိုသံကြား"ရုံတွင် စီရင်၍ ရက်စက်စွာ သတ်ပစ်လေသည်။ (အပိုဒ် ၁၁၀၊ ၁၁၁ တို့နှင့် ယှဉ်ကြည့်)

၉၆။ ၁၆၉၂ ခု၊ တတိယဝီလျံနှင့်မေရီ (William III & Mary) တို့လက်ထက် စကော့တလန်ပြည်တွင် သစ္စာအခံခိုင်းရာ မက္ကဒေါ်နယ်

www.burmeseclassic.com

www.burmeseclassic.com



(Mac Donalds)လူမျိုးတို့ အခဲနောက်ကျနေ၍ ၎င်းတို့ ရန်သူ ကင့်ဘဲလ် (Campbells)တို့ကို ဖျက်ဆီးရန် စေလွှတ်လိုက်သည်။ ကင့်ဘဲလ်တို့သည် မိတ်ဆွေကဲ့သို့ မာယာဖြင့် သွားရောက်၊ မက္ကဒေါ်နယ်တို့က ကောင်းစွာ ဧည့်ခံကျွေးမွေးထား၍ ၂ ရက်၊ ၃ ရက်ကြာသော် အမှတ်မဲ့ မက္ကဒေါ် နယ်တို့ကို ဝိုင်း၍ သတ်ပစ်ကြလေသည်။ (အပိုဒ် ၁၂ နှင့်ယှဉ်ကြည့်)

## ဟန်နိုဗာမင်းဆက်

၉၇။ ယခုနတ်ရှာစ်ပြီး ပဋ္ဌမမြောက် ဂျော့ဘုရင်၊ ယခု နန်းတက် တော်မူသော အဋ္ဌမမြောက် အက်ဒွက်ဘုရင်တို့၏ မင်းဆက်ဖြစ်သော ဟန်နိုဗာ မင်းဆက်မှာကား ထိုအသတ်အဖြတ်မျိုး ကင်းလေတော့ပြီ။ တစ်နည်းကား ၁၇၁၄ ခု၊ ဟန်နိုဗာမင်းဆက် အစမတိုင်မီကသော အင်္ဂလိပ် ရာဇဝင်တွင် နန်းတက်ရေးနှင့်စပ်၍ အသတ်အဖြတ်များစွာရှိသည်။

၉၈။ မစ္စတာကောက်၊ မစ္စတာဟာဗီ၊ မစ္စတာနိုက်စ် စသော အရေးသမား အပြောသမားတို့သည် ထိုမြန်မာမင်းသား မင်းမြေးများ အသတ်ခံရသည်ကို များစွာ စက်ဆုပ်ကြောက်လန့်ဝမ်းနည်းကြသည် ဆိုရာ၌ ပြခဲ့သော အင်္ဂလိပ်ရာဇဝင်စသည်တို့တွင်ပါသော သတ်ဖြတ်မှု တို့ကို သိရသောအခါ ဝါ သတိရသောအခါ ကမ္ဘာလောကကြီး၏ သဘောအဖြစ်အပျက်ကို ပိုမိုသိနားလည်၍ သက်သာရာ ရကြလိမ့်မည်ဟု မျှော်လင့်၏။

*

www.burmeseclassic.com

www.burmeseclassic.com

# ထောင်ထမှု

၉၉။ အင်္ဂလိပ်တို့ပြောကြသော အခြားသတ်မှုတစ်ခု ရှိသေး၏။ ထိုသတ်မှုလည်း တတိယစစ်ဖြစ်ရသောအကြောင်းတစ်ခု ဖြစ်ဟန် ပြောဆိုကြသည်။

၁၀၀။ ၁၂၄၆ ခုတွင် မန္တလေး၌ ထောင်ထရာ အစောင့်အကြပ်တို့က ဝိုင်းဝန်းပစ်ခတ်၊ ထောင်သား ၃၀၀ ခန့်အနက် ၂၀၀ ခန့် သေကျေကြ၏။

၁၀၁။ အင်္ဂလိပ်တို့ အဆိုကား မြင်ကွန်းမင်းသားတို့ ထစဉ်က ပါဝင်သော အချို့အရာရှိများကို ထောင်တွင်ချထားရာ ထောင်ပြင်တွင်လည်း ပါဝင်သူအချို့ ရှိနေလေသဖြင့် ထောင်ကျနေသူတို့က ဖော်မည်ကို စိုးရိမ်ကြသောကြောင့် ထောင်အပြင်က အရာရှိများက ထောင်ထဟန်ပြု၍ ထောင်အတွင်းက လူတို့ကို ဝိုင်းသတ်သည်ဟု ဆိုကြသည်။ လူတို့ ကြောက်ရွံ့စေခြင်းငှာ သေပြီးသူတို့၏ အလောင်းတို့ကို မသင်္ဂြိုဟ်ဘဲ ၃ ရက် သုသာန်၌ ပစ်ထားသည်ဆိုသည်။

၁၀၂။ မြန်မာတို့ အမှတ်အသားကား အလွန်ဆိုးသော ဓားပြဗိုလ် ငရန်မင်းဆိုသူသည် ထိုထောင်၌ကျနေရာ အခြားအကျဉ်းသားတို့နှင့် တိုင်ပင် ထောင်ထထွက်ကြ အစောင့်တို့က ပစ်ခတ်သေကျေကြသည်။ ငရန်မင်းကိုလည်း သေနတ်ထိမှန်သေရာ လူအချို့တို့က ငရန်မင်းမသေ

www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားသည်ဟု သကြံမကင်း ပြောဆိုနေကြသောကြောင့် ရမိကြောင်း ထင်ရှားရန် သုသာန်တွင် ၎င်း၏အလောင်းကို ၃ ရက်ထားပြီးမှ သင်္ဂြိုဟ်သည်ဟူ၏။ (ဤအချက်ကို အပိုဒ်နံပါတ် ၉၄–၉၅တို့နှင့် ယှဉ်ကြည့်ပါ။)

*

www.burmeseclassic.com

www.burmeseclassic.com

# ဘုံဘိုင်ဘားမားသစ်မှု

၁၀၃။ အင်္ဂလိပ်တို့က တတိယစစ်ဖြစ်ရသော အကြောင်းပြရာ၌ ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း ၂ ရပ်ဆိုသည်ကို ပြပြီးပါပြီ။ ယခုသော် ဘုံဘိုင်ဘားမား သစ်ကုမ္ပဏီကို ညှဉ်းပန်းသည်ဆိုခြင်းကို ရှင်းလင်းရဦးမည်။

၁၀၄။ ထိုစစ်ဖြစ်မည့် ၁၂၄၇ ခုတွင် တောင်ငူမြို့ မြန်မာ သစ်ခေါင်းကြီးတို့က မြန်မာမင်းအား လျှောက်သည်မှာ ထိုသစ်ကုမ္ပဏီသည် ၁၂၄၅ မှ ၁၂၄၇ ထိ ၂ နှစ်အတွင်း သစ်လုံးရေ ၈ သောင်း အင်္ဂလိပ်မြန်မာ နယ်ခြားကျောက်တိုင်တောင်ဘက်သို့ ထုတ်ယူလျက်နှင့် စာရင်းတွင် ၃ သောင်းသာပြ၍ ၅ သောင်း ထိန်ချန်ထားကြောင်း လျှောက်ကြသည်။

၁၀၅။ ထိုအခါ အမိန့်တော်အရ လွှတ်တော်က စစ်ဆေးရာ အထူးသဖြင့် အင်္ဂလိပ်နယ်ဘက် တောင်ငူမြို့ သစ်တောရုံးစာရင်းကို အင်္ဂလိပ် မဟာမင်းကြီးထံမှ အခွင့်ယူ၍ စစ်ဆေးကြည့်ရာ သစ်ခေါင်းတို့လျှောက်သည့်အတိုင်း ၅ သောင်းထိန်ချန်ထားသည်ဟု လွှတ်တော်က အယူရှိ၍ သစ်ကုမ္ပဏီက ငွေ ၂၃ သိန်းပေးစေရန် ဆုံးဖြတ်သည်။

(အထက်မြန်မာနိုင်ငံ ဂေဇက်မှတ်တမ်းကြီးတွင် ထိုသစ်ကုမ္ပဏီ အလုပ်လုပ်နေသည်မှာ စာချုပ် ၃ မျိုး၌ စား

www.burmeseclassic.com

www.burmeseclassic.com



နှင့် လုပ်နေကြောင်း၊ မြန်မာတို့က ထို ၃ မျိုးအရ ခွဲခြား၍ မတွက်ဘဲ အညံ့စားသစ်တို့ကိုပါ အကောင်းစားသစ် အဖိုးနှုန်း ထား၍ တွက်ကြောင်း၊ ၎င်းပြင် ထိုသစ်တို့၏ တန်ဖိုးတို့ကို ပေါင်း၍ တွက်ချထားရာ၌ ငွေ ၆၀,၀၀၀မျှ ပိုမိုမှားယွင်း၍ ပေါင်းချထားကြောင်း စသည်ဖြင့် ပါရှိလေသည်။

သို့ရာတွင် အဆုံးနား၌ မြန်မာတို့က စွပ်စွဲဒဏ်ထား သည်မှာ မတရား မဟုတ်မမှန်ဟု မဆိုလိုကြောင်း၊ ဒဏ်ထား သင့်သည်ထက် ပိုမိုထားခြင်းသာ မသင့်ကြောင်းဟူ၍ အဆုံး သတ် ရေးထားလေသည်။)

၁၀၆။ ကုမ္ပဏီက မကျေနပ်၍ အင်္ဂလိပ်အစိုးရကို တိုင်သည်။ ထိုအခါ အင်္ဂလိပ်အစိုးရသည် တစ်စုံတစ်ရာ ဝင်ရောက်စွက်ဖက်ရန် အခွင့်ရသည်နှင့် အောက်ပါရာဇသံကို ပေးလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂလိပ်အစိုးရတို့ တောင်းဆိုချက် ရာဇသံ

၁၀၇။ (၁) အင်္ဂလိပ် ဘုရင်ခံထံက အရေးပိုင် ကိုယ်စားလှယ်လွှတ်၍ ထိုအရေးပိုင်နှင့် မြန်မာအရာရှိတို့ တွေ့ဖက်၍ သစ်အမှုကို ဆုံးဖြတ်ရမည်။

(၂) ထိုအရေးပိုင်ကို မြစ်ဆိပ်တွင် အုတ်ဝင်း အကာအရံနှင့် နေထိုင်စေ၍ အစောင့်စစ်သားတစ်ထောင် ထားလိုသည်။

(၃) ဧရာဝတီမြစ် ဂေါဝိန်ဆိပ်တွင် အင်္ဂလိပ် တိုက်သင်္ဘော တစ်စင်း အစောင့်အရှောက်ထားလိုသည်။

(၄) ထိုအရေးပိုင်သည် မြန်မာဘုရင် ရှေ့တော်သို့ ဝင်သောအခါ ဖိနပ်ခြေနင်းစီးနင်း၍ ဆောင်ဓားစွဲလိုသည်။

(၅) မြန်မာနိုင်ငံသည် အင်္ဂလိပ်အစိုးရ သဘောမတူဘဲ မည်သည့် နိုင်ငံနှင့်မျှ မဆက်ဆံရ။

၁၀၈။ အထက်ပါ ရာဇသံကို ပို့သည်။ မြန်မာတို့က ပထမ ၄ ချက်သည် သစ်မှုနှင့် ဆိုင်၍ တပ်ထားသောဒဏ်ငွေ ၂၃ သိန်းကို မတောင်းလျှင် ပြီးငြိမ်းတော့သည်။ သို့ကြောင့် မတောင်းတော့ပြီ။ ၅ အချက်မှာ မြန်မာနှင့်အင်္ဂလိပ်တို့မှတစ်ပါး အခြားနိုင်ငံကြီးတစ်ဦးဦးက ဆုံးဖြတ်ရာ ပြီးနိုင်ကြောင်း စာပြန်သည်။

၁၀၉။ အင်္ဂလိပ်တို့က မကျေနပ်ဆို၍ စစ်ချီကာ ဘုရင်စသူတို့ကို ဖမ်းသွား၊ အထက်မြန်မာနိုင်ငံကို သိမ်းလေတော့သည်။

*

www.burmeseclassic.com

www.burmeseclassic.com

# တတိယစစ်ဖြစ်ရသောအကြောင်းရင်း အကြောင်းကြီးများ

၁၁၀။ အင်္ဂလိပ်တို့က ပြသောအကြောင်းတို့မှာ

(၁) ညှဉ်းပန်းခြင်း၊

(၂) သတ်ဖြတ်ရက်စက်ခြင်း၊

(၃) သစ်မှု တို့ဖြစ်ရာ ရှင်းလင်း၍ အကျယ်ပြခဲ့ပြီ။

စင်စစ်သော်ကား ဤအကြောင်းတို့မှာ အကြောင်းရင်း မဟုတ်။ အပေါ်ယံသာမညအကြောင်းများသာ ဖြစ်သည်။

၁၁၁။ စစ်ဖြစ်ရာ၌ အများအားဖြင့် အကြောင်း ၂ မျိုးရှိတတ်လေသည်။

(၁) အပေါ်ယံ သာမညအကြောင်း (Apparent or Immediate)၊

(၂) အကြောင်းရင်းအမှန် (Real or Remote)ဟူ၍ ဖြစ်သည်။

၁၁၂။ ဥပမာ ဖြေူသည် ငမဲကို လွန်ခဲ့သော ၅ နှစ်က ပါးရိုက်ဖူး၏။ ယနေ့ ပွဲတစ်ခုတွင် တွေ့ကြရာ ဖြေူက ငမဲ၏မျက်နှာကို စိုက်ကြည့်မိ၏။ ထိုအခါ ငမဲက ငါ့မျက်နှာ ကြည့်ရမလားဆိုပြီး ဖြေူကို ဓားနှင့်ခုတ်လိုက်လေ၏။ ဤတွင် ကြည့်မှုမှာ အပေါ်ယံ သာမည စနက်အကြောင်းမျှသာ ဖြစ်၏။ ပါးရိုက်မှုသာလျှင် အကြောင်းရင်း အမှန်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၁၁၃။ ယခု တတိယစစ်ပွဲတွင် အင်္ဂလိပ်တို့ကပြသောအကြောင်းတို့မှာ ပထမအမျိုးအစား အပေါ်ယံသာမည အကြောင်းများသာ ဖြစ်ကြ၏။ ထိုစကားမှန်ကြောင်း ပြလိုသည်ကား စစ်မဖြစ်မီ ပထမ အင်္ဂလိပ်တို့က တောင်းဆိုသော ၅ ချက်အနက် ၄ ချက်မှာ သဘောအားဖြင့် လိုက်နာပြီးဖြစ်သည်။ ကျန်တစ်ချက် နိုင်ငံခြားအရေးကိစ္စကိုသာ အပြည့်အစုံ မလိုက်နာခြင်းဖြစ်သည်။ ဤကို မကျေနပ်ဆို၍ စစ်ချီတက်ခဲ့ရာ မြင်းခြံအလွန်သို့ ရောက်သောအခါ မြန်မာတို့က အထက်ပါ တောင်းရင်း ၅ ချက်လုံးကို အကြွင်းမရှိ အပြည့်အစုံ လိုက်နာပါတော့မည်၊ စစ်ကို ရပ်ပါတော့ဟု အတွင်းဝန် ကျောက်မြောင်း မြို့စားနှင့် ဝန်ထောက် ဝက်မစွတ်မြို့စားတို့ကို လွှတ်၍ စာပေး အကြောင်းကြားစေသည်။ သို့ရာတွင် အင်္ဂလိပ်စစ်ဗိုလ်များက ယခုမှဖြင့် လက်မခံနိုင်ပါ။ စစ်မရပ်နိုင်ပါ။ ဘုရင်ခံချုပ်အမိန့်အတိုင်း ဘုရင်နှင့်နိုင်ငံကို သိမ်းယူရပါမည်ဟုသာ ပြန်ကြား၍ ချီတက်မြဲ ချီတက်ခဲ့သည်။

၁၁၄။ တဖန် စစ်ဗိုလ်များ နန်းတော်သို့ ရောက်ရှိ၊ သီပေါဘုရင်နှင့် တွေ့ဆုံသောအခါ၌လည်း မှူးမတ်ကြီးများက တောင်းရင်း ၅ ချက်ကို လိုက်နာပါမည်။ မြင်းခြံအထက်က လွန်ကတည်းက ခုခံ မတိုက်ခိုက်ရန် မြန်မာတို့က စစ်ကို ရပ်ခဲ့ပါသည်။ မဟာမိတ်လည်း ဖြစ်ကြပါသည်။ ဘုရင်နှင့်နိုင်ငံကို မထိန်းသိမ်းထိုက်ကြောင်း စသည်ဖြင့် ပြောကြသည်။ သို့သော်လည်း မရတော့ချေ။

၁၁၅။ သို့ကြောင့် ပထမတောင်းရင်း အချက်တို့မှာ သာမညအပေါ်ယံ အကြောင်းသာဟု ယူဆရန်ရှိသည်။ အကြောင်းရင်း အကြောင်းကြီးတို့ကား အောက်ပါအတိုင်း ဖြစ်၏။

၁၁၆။ ထိုအခါက မြန်မာတို့သည် ပြင်သစ်၊ အီတာလျံတို့နှင့် ကူးလူးဆက်ဆံနေရုံမက အထူးသဖြင့် ပြင်သစ်နှင့်စာချုပ်ကြလေသည်။ ထိုစာချုပ်အရ မန္တလေးနှင့် ပြင်သစ်ပိုင် တောင်ကင်းမြို့တော် မီးရထား

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ရန်၊ ထိုအတွက် ပြင်သစ်က မြန်မာအား ငွေရင်းထုတ်ချေးထားရန်၊ အတိုးအတွက် မြစ်အကောက်ခွန်များနှင့် ရေနံခွန်များမှ ပြင်သစ်က သိမ်းယူရန်၊ ၎င်းပြင် လက်ဖက်နှင့်ပတ္တမြားတွင်းများကိုလည်း ပြင်သစ်က လုပ်နိုင်ရန်တို့ ဖြစ်လေသည်။

၁၁၇။ ထိုအခါက ပြင်သစ်နှင့် အင်္ဂလိပ်တို့မှာ ရန်သူ ဂုဏ်ပြိုင်ဖြစ်ကြ၍ ပြင်သစ်တို့မှာလည်း မြန်မာနိုင်ငံအရှေ့ဘက်တွင် (အင်ဒိုချိုင်းနားဘက်တွင်) နယ်ပယ်ချဲ့ထွင် တည်ထောင်နေကြသဖြင့် ပြင်သစ်တို့ မြန်မာနိုင်ငံအတွင်းသို့ အဝင်ကို အင်္ဂလိပ်က မခံနိုင်။ ယခုစာချုပ်အရ ပြင်သစ်က တဖြည်းဖြည်းလွှမ်းမိုးလာပြီး မကြာမီ ပြင်သစ်က အထက်မြန်မာနိုင်ငံကို သိမ်းယူတော့မည်။ သို့ဖြစ်သော်လည်း အင်္ဂလိပ်တို့မှာလည်း မိမိတို့သိမ်းယူပြီးသော အောက်မြန်မာနိုင်ငံကို ကာကွယ်ရန်အတွက် ပြင်သစ်နှင့် စစ်သော်လည်း တိုက်ရသည်။ သို့မဟုတ် မြန်မာနိုင်ငံမှသော်လည်း မိမိတို့ထွက်ခွာသွားကြရချေမည်။ သို့ကြောင့် ပြင်သစ်အလွှမ်းမိုး အဝင်ကို မခံနိုင်။

၁၁၈။ ဤသို့ပြင်သစ်တို့ အလွှမ်းမိုးအဝင်ကို မခံနိုင်ပုံနှင့် ဤအချက်သည် အကြောင်းကြီးများဖြစ်ပုံကို မစ္စတာကောက်စ်၊ မစ္စတာဟာဗီ၊ မစ္စတာနို့က်စ် တို့ရေးသော မြန်မာရာဇဝင်များ စာများမှာပင် အသင့်အတင့် ပြထားလေသည်။

၁၁၉။ ၎င်းပြင် ဝင်စတန်ချာချီလ် (Winston Churchill)ရေးသော လော့ဒ်ရန်ဒေါ့လ်ဖ်ချာချီလ် (A Lord Randolf Churchill)အကြောင်းစာအုပ်တွင်လည်း စာမျက်နှာ ၅၁၇ ကစ၍ ဤသို့ပင် ပြင်သစ်များဝင်လာ၍ အရေးတကြီးစစ်ပြုရကြောင်း ဖော်ပြထားလေသည်။ လော့ဒ်ချာချီလ်မှာ ထိုအခါက (Secretary for the State of India)ခေါ် အိန္ဒိယနိုင်ငံ အတွင်းဝန်ကြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၂၀။ ထိုမှတစ်ပါး အွန်နာရေဘလ်ဂျော့ပီးလ်(Hon. George Peel) ရေးသော အင်္ဂလန်ပြည်၏မိတ်ဆွေများခေါ် (The Friends of England)စာအုပ်မျက်နှာ ၁၇၉၊ ၁၈၀၊ ၁၈၁ တို့တွင် ထိုသို့ပင် ပြင်သစ်များ ဝင်လာသောရန်ကြောင့် အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့က သိမ်းယူလိုက်ရကြောင်း အတိအလင်းရှင်းလင်းစွာ ဖော်ပြထားလေသည်။

၁၂၁။ ဤပြင်သစ်များ ဝင်လာခြင်းကိစ္စအပြင် အခြားအကြောင်းကြီး တစ်ရပ်လည်း ရှိသေးသည်။ မြန်မာနိုင်ငံရှိ ကျွန်းသစ်၊ သံ၊ ရေနံ၊ ပတ္တမြားတို့မှာ နိုင်ငံခြားသားများ မျက်စိကျ သွားရည်ယိုနေသောဝတ္ထုပစ္စည်းများ ဖြစ်သည်။

၁၂၂။ ဤသို့အားဖြင့် ပြင်သစ်တို့ လွှမ်းမိုးလာခြင်း၊ ကျွန်းသစ်, ရေနံ, ပတ္တမြားစသော အဖိုးတန်ဝတ္ထုပစ္စည်းများကို အလိုရှိခြင်း၊ ဤသည်တို့ကား တတိယစစ်ဖြစ်ရခြင်း၏ အကြောင်းရင်း အကြောင်းကြီးများတည်း။ အခြားသစ်မှုစသော အကြောင်းတို့ကား အပေါ်ယံသာမည စနက်အကြောင်းငယ်မျှသာ ဖြစ်သည်ဟု ယူဆကြကုန်ရာသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ငမောက်ကျောက်

၁၂၃။ ငမောက်ကျောက်ကို အင်္ဂလိပ်တို့ မယူ ဟုဆိုကြသည်။ မစ္စတာ နိုက်စ်သော်ကား သီပေါမင်းသည် ဆံထိုးအဖြစ်နှင့် ဦးခေါင်းတွင် ထိုးစိုက်၍ ကိုယ်တိုင်ယူဆောင်ကာ သင်္ဘောသို့ ဆင်းသွားရသည်ဆိုသည်။

၁၂၄။ ကုန်းဘောင်ရာဇဝင် မျက်နှာ ၇၂၂ တွင် ပါသည်ကား (၁၂၄၇ ခု တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့) နံနက် ကာနယ် စလေဒင် (သီပေါမင်း) ရှေ့တော်သို့ ဝင်ရောက်ပြီးလျှင် နန်းစဉ်ရတနာ ကျောက်တော်များမှစ၍ မင်း၏အသုံးအဆောင် ရတနာများကို မပျောက် မပျက်ရအောင် ထိန်းသိမ်းထားလိုကြောင်းနှင့် တင်လျှောက်သောကြောင့် အဖိုးဖြတ်ဆိုခြင်းငှာ မထိုက်သော နန်းစဉ်အသုံးအဆောင် ရတနာ ကျောက်တော်များကို အတွင်းဝန်၊ ရှေ့တိုက်ဝန်၊ ပေါက်မြိုင်မြို့စား မင်းကြီးမင်းလှ မဟာဇေယနန္ဒသင်္ကြံက ကာနယ်စလေဒင်သို့ စာရင်းနှင့် တကွ ရေတွက်အပ်ပေးရလေသည်။ ထိုကျောက်တော်များတွင် ငမောက် ကျောက်တော်သည်ကား အင်းဝ (ပြည်မင်းလက်ထက်) ၁၀၂၃ ခုတွင် ချင်းတွင်းရွာနေ ငမောက်က ဆက်၍ ငမောက်ကျောက်ဟု တွင်သည်။ ရတီချိန် ၉၀ ကျော်ရှိသည်။"

၁၂၅။ စတုတ္ထသမီးတော်၏ အရေးတော်ပုံ၊ စာမျက်နှာ ၁၅ တွင် ပါသည်ကား "ငမောက်ကျောက်ကို ခမည်းတော် မယ်တော်တို့ မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



မှ အိန္ဒိယသို့ထွက်တော်မူခါနီး ကွမ်းအစ်တော်တွင် ထည့်ထားရာ စလေဒင်က ကြည့်လိုကြောင်း တင်လျှောက်၍ ပေးသနားတော်မူလိုက်ကြောင်း၊ စလေဒင်သည် ၎င်းကျောက်ကို အတော်ကြာ ကြည့်ရှုနေပြီးမှ မေ့လျော့ဟန်ပြု၍ ၎င်း၏အင်္ကျီအိတ်တွင် ထည့်ထားရာမှ တစ်ဖန် ပြန်မဆက်ဟု ခမည်းတော် မယ်တော်တို့ အမိန့်ရှိဖူးကြောင်း”

၁၂၆။ ၂၀၊ ၁၂၊ ၃၅ နေ့ထွက် သူရိယနှင့် မြန်မာ့အလင်းတို့တွင် စတုတ္ထသမီးတော်၏ရှင်းလင်းချက် အတိုချုပ်ကား

“မစ္စတာန္တိုက်စ်က ငမောက်ကို ဆံထိုးပြု၍ ခမည်းတော် ဥသျှောင်၌ ထိုး၍ ထွက်တော်မူသည်ဆိုရာမှာ မဟုတ်ပါ။ ငမောက်မှာ အနီရောင်ပတ္တမြား၊ မြန်မာမင်း စသူတို့မှာ ကျောက်နီပတ္တမြားကို ဆံထိုးပြုရိုးထုံးစံ မရှိ။ ပါတော်မူစဉ်က ထိုးစိုက်သော ဆံထိုးမှာ အဖြူရောင်မဟာစိန်တော်ကြီး ဖြစ်၏။ အကယ်၍ ဥသျှောင်တွင် ဆံထိုးအဖြစ်ဖြင့် ပါသွားက ရတီ ၉၀၊ အလွန်ကြီးမား)အရောင်တလျှပ်လျှပ်နေသည်ဖြစ်၍ လူအများ မြင်တန်ရာ၏။”

၁၂၇။ ၂၃၊ ၁၂၊ ၃၅ နေ့ထွက် သူရိယတွင် တတိယ သမီးတော် ရေးသားချက်အချုပ်ကား

“မြန်မာဘုရင်တို့သည် မစ္စတာန္တိုက်စ် ပြောသကဲ့သို့ ငမောက်ကဲ့သို့သော ပတ္တမြားမျိုးကို ဦးသျှောင်တော်၌ ဆင်မြန်းရိုးထုံးစံ မရှိ။ ခမည်းတော်မှာ တိုင်းနိုင်ငံ ဘဏ္ဍာပစ္စည်းတို့ကို အပ်ပြီး၍ မိမိကိုယ်တော်တိုင်နှင့်တကွ မိဖုရားစသည်တို့မှာ မည်သို့ ဖြစ်ရမည်ကို မသိနိုင်၊ အလွန် စိတ်ဒုက္ခ ရောက်နေဆဲတွင် ငမောက် ကျောက်ရတနာကို ဆင်မြန်းဖို့ရာ စိတ်ကူးလိမ့်မည်ပင် မဟုတ်။ ငမောက်ကျောက်နှင့် အခြားပစ္စည်းများကို ဗြိတိသျှ အရာရှိကြီးတို့အား အပ်နှင်းလိုက်ရရာ ၎င်းတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရလိုကြောင်းနှင့် ကျော့ဘုရင်သည် အိန္ဒိယသို့ လာစဉ်က ခမည်းတော်က အမှာတော်စာ ပို့လိုက်ကြောင်း ထိပ်စုမြတ်ဘုရားကိုယ်တိုင် သိရှိရပါသည်။"

၁၂၈။ ၂၄၊ ၁၂၊ ၃၅ နေ့ထွက် သူရိယသတင်းစာတွင်လည်းကောင်း၊ ဂီရိရတနာဆောင်းပါးမဟာ မျက်နှာ ၂၄တွင်လည်းကောင်း သီပေါမင်း၏ အပါးတော်မြဲ ဦးစံရွှေ၏မှတ်သားချက်ကို အောက်ပါအတိုင်း တွေ့ရလေသည်။

"ငမောက်သည် ကွမ်းသီးလုံးခန့်ရှိ၏။ အကွက်မချထား။ စင်းကြောပင်ဖြစ်သည်။ တစ်ညဉ့် သီပေါဘုရင်မင်းမြတ်က အမိန့်တော်ရှိသည်မှာ နန်းစဉ်ငမောက်ကို မင်းတို့ မမြင်ဖူးကြဘူး။ လာကြည့်ကြဟု နန်းတော်အခန်းတစ်ခုသို့ အရှင်နန်းမတော်ဘုရားနှင့် အပျိုတော်များကို ခေါ်သွား၍ ကလာပ်ပေါ်မှာ တင်ထားပြီး မှောင်ချလျှင် မီးကဲ့သို့ လင်းနေသည်။ နွားနို့ထဲ ငွမ်းထဲထည့် ပြသောအခါလည်း ပန်းနီဆိုးသကဲ့သို့ နီသည်။ (ကျောက်ကို) မှောက်သောအခါ အရည်တစက်စက် ယိုကျမလို ထင်ရသည်။ ၎င်းကျောက်နီကို တောင်ဥယျာဉ် နန်းတော်မှာ မနက်ပွဲတော်တည်ပြီး ကာနယ်စလေဒင်က ဘုရင်မကြီး ကြည့်လိုပါသည်။ ခေတ္တသနားတော်မူပါ။ နောက်ပြန်ဆက်ပါမည် တင်လျှောက်၍ သဘော်မဆင်းခင် ပေးခဲ့ရသည်။ ဤအကြောင်းတို့ကို အရှင်နှစ်ပါးအပါးတော်မှာ အမြဲကပ်၍ ခစားနေသော (ဦးစံရွှေ၏ဇနီး) ပင်းယမင်းသမီးကိုယ်တိုင် တွေ့မြင်ခဲ့ရသည်ကို ပြန်ပြော၍ သိရ၏"

၁၂၉။ အထက်ပါတို့ကို ကြည့်သော် ငမောက်ကျောက်ကို ကာနယ်စလေဒင်အား အပ်ပေးလိုက်ရကြောင်း ပြောဆိုသူတို့မှာ ထိုအခါက သိမိလိုက်သော မှူးမတ်စသော ရာဇဝင်ရေး ပညာရှိများ, သီပေါမင်း၏

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သမီးတော်အရင်းခေါက်ခေါက်များ, အပါးတော်တွင် မဖမ်းမီ၊ ဖမ်းဆဲ၊ ဖမ်းပြီးနောက် နတ်ရွာစံအထိ အမြဲမပြတ်လိုပင် ခစားနေရသော ပင်းယမင်းသမီးတို့ ဖြစ်လေရကား ခိုင်မာသော ပြောဆိုချက်များဟု မှတ်ယူရသည်။

၁၃၀။ ထိုထက်အလွန် ထိုင်မောက်ကျောက်ကို ကာနယ်စလေဒင်အား ကိုယ်တော်တိုင် ပေးတော်မူခဲ့ရသော သီပေါဘုရင်သည် ဂျော့ဘုရင် ဒေလီသို့ ၁၉၁၁ ခု၌ ဘိသိက်ခံယူရန် လာစဉ်အခါက ထိုင်မောက်ကျောက်တော်နှင့် အခြားပစ္စည်းများကို ကာနယ်စလေဒင်သို့ အပ်ပေးလိုက် ရကြောင်း၊ ယခုပြန်၍ ရလိုကြောင်း အလွှာပေးပို့ တောင်းဆိုသည်ဖြစ်ရကား ထိုထက် ခိုင်မာသောအချက် မရနိုင်ပြီ။ သို့တောင်းတော်မူစဉ်က အင်္ဂလိပ်တို့က ကာနယ်စလေဒင် ဘိလပ်ပြန်သွားပြီဟုသာ ပြန်ကြားသော ဟူသတတ်။

၁၃၁။ အထက်ပါ စကားရပ်များကို ထောက်၍ မစ္စတာနို့က်စ်က ငမောက်ကို ဆံထိုးအဖြစ်နှင့် သီပေါမင်း ယူဆောင်သွားသည် ဆိုသည်မှာ အခြေအမြစ်မရှိ ယုတ္တိကင်းသောစကား ဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# ကာနယ်စလေဒင်သို့ အပ်လိုက်ရသော ပစ္စည်းများ

၁၃၂။ (ကုန်းဘောင်ရာဇဝင် စာမျက်နှာ ၇၂၂)

၁။ အဆိုပါ ငမောက်ကျောက်။

၂။ လှော်ကားတင်ကလေးကျောက်၊ ရတီ ၂၀။ ဘိုးတော်လက်ထက် လှော်ကားနှင့် တင်ဆက်၍ ထိုအမည်ရသည်။

၃။ လှော်ကားတင်ကြီးကျောက်၊ ရတီ ၄၀ ကျော်။ ကုန်းဘောင်မင်း လက်ထက် ၁၁၉၉ ခု၊ မိုးကုတ်ကျောက်တွင်းတစ်ခုမှ လှော်ကား နှင့် တင်ဆက်သည်။

၄။ ဆင်မတော်ကျောက်၊ ရတီ ၄၀ ကျော်။ ဆင်မတော်နှင့် တင်ဆက်သည်။

၅။ စံကျောက်တော်၊ ရတီ ၆။ အလွန်ကောင်း၍ စံပြုရသော ကျောက်ဖြစ်သည်။

၆။ အခြားနဂါးဗိုလ် စသောကျောက်များ။

၁၃၃။ စတုတ္ထသမိးတော်၏ အရေးတော်ပုံ စာမျက်နှာ ၁၂၊ ၁၃၊ ၁၄)

(က) ဘုရင်နှင့် မိဖုရားနှစ်ပါးပိုင် ပစ္စည်းအချို့နှင့် နန်းစဉ်ပစ္စည်းများ ကို သေတ္တာကြီးငယ်တွင် ထည့်၍ ကာနယ်စလေဒင်အား အပ်ရသည်။ မလွှဲသာ၍ တန်ဖိုးဖြတ်ရလျှင် အနည်းဆုံး ကုဋေငါးထောင်ရှိ။

www.burmeseclassic.com

www.burmeseclassic.com



(ခ) အလယ်နန်းတော် မိဖုရားဆင်ဖြူမရှင်၏ ကိုယ်ပိုင်ရွှေဒင်္ဂါးများနှင့် ရှစ်သိန်းကျော်တန် ပစ္စည်းများ။

(ဂ) ဘုရင်နှင့် မိဖုရားတို့၏ ကိုယ်ပိုင်ပစ္စည်းများ၊ ကနုကမာသေတ္တာတွင် ထည့်သွင်း၍ အပ်ရသည်။ မလွဲသာ၍ တန်ဖိုးဖြတ်ဆိုရလျှင် အနည်းဆုံး ကုဋေငါးထောင်မျှ။ ဤ (ဂ)အပိုဒ်အရ ပါဝင်သောပစ္စည်းတို့မှာ

| | | | |
|---|---|---|---|
| ၁။ | စိန်၊ မြ၊ ပတ္တမြား၊ နားတောင်းတော် | ၁၂ | ရန် |
| ၂။ | ပတ္တမြားစလွယ် | ၁ | |
| ၃။ | ဒက်တော်ကြီးငယ် | ၂ | |
| ၄။ | စိန်ခါးစည်း | ၁ | |
| ၅။ | စိန်ပန်းခွေ | ၁ | |
| ၆။ | စိန်ပန်းခိုင် | ၃ | |
| ၇။ | စိန်လက်ကောက် | ၁ | ရန် |
| ၈။ | စိန်လည်ကပ် | ၂၄ | |
| ၉။ | စိန်ကြိုးကုံးရေ | ၁၀ | |
| ၁၀။ | စိန်လက်စွပ် | ၂၀ | |
| ၁၁။ | ပတ္တမြားလက်စွပ်လှော်ကားတင်ကျောက် | ၁ | |
| ၁၂။ | ကြိုကျောက် | ၂ | |
| ၁၃။ | မောက်ကြီး (နန်းစဉ်ကျောက်ကဲ့သို့ အဖိုးမဖြတ်နိုင်သောကျောက်) | ၁ | |
| | ပေါင်း | ၇၉ | |

၁၃၄။ ဤနံပါတ် ၁၃ အရ နန်းစဉ် ငမောက်နှင့် ဆင်တူမောက်ကြီးဆိုသော ကျောက်လည်း ရှိသေးကြောင်း သတိပြုရာသည်။

၁၃၅။ အထက်တွင် ပြပြီးသော ပစ္စည်းအရပ်ရပ်ကို ကာနယ်စလေဒင်က သူခိုး၊ ဓားပြမှကာကွယ်ရန် အပ်ထားဖို့အကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယသို့ရောက်မှ ပြန်၍ပေးပို့ ဆက်သပါမည်ဆိုသဖြင့် အပ်လိုက်ရခြင်း ဖြစ်သည်။

ကာနယ်စလေဒင်သည် အင်္ဂလိပ်အစိုးရအရာရှိ၊ နိုင်ငံရေး အရာရှိ ဖြစ်သဖြင့် ကာနယ်စလေဒင်အတွက် အင်္ဂလိပ်အစိုးရမှာ တာဝန် မကင်းနိုင်။

*

www.burmeseclassic.com

www.burmeseclassic.com

# ကင်းဝန်မင်းကြီး ဦးကောင်း

၁၃၆။ အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်မင်းတို့ သိမ်းယူရာ၌ ကင်းဝန်မင်းကြီး၏ ပယောဂမကင်းဟု ကင်းဝန်မင်းကြီးအပေါ်၌ အပြစ် ဖို့လျက်ရှိကြသည်။

၁၃၇။ "ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်"ဆိုကြရာ၌ ပထမစကား ၄ လုံး၏ နေ့နံသင့် ၁၂၄၇ ခုတွင် ဦးကောင်းက အင်္ဂလိပ်အစိုးရတို့အား သီပေါဘုရင်ကို လိမ်လည်ပေးအပ်လိုက်သဖြင့် မြန်မာမင်းဆက် ပြုတ်ရသည် ဆိုလိုသည်။

၁၃၈။ တဖန် "တိုင်ကပ်လို့ ကင်းတုပ်သည်"ဆိုကြရာ၌ သီပေါဘုရင်သည် (တိုင်) တားမင်းကြီးကို အားကိုး (ကပ်)မိသဖြင့် မတည့်သော (ကင်း) ဝန်မင်းကြီးက သီပေါဘုရင်ကို အပ်လိုက်သည်ဟု အဓိပ္ပာယ်ရောက်သည်။

၁၃၉။ ဤ "တိုင်ကပ်–ကင်းတုပ်"ဆိုသော စကားနှင့်စပ်၍ တိုင်တားမင်းကြီး၏ မြစ်တော်ခင်ခင်လတ် (ယခု ရန်ကုန်တိုင်း ဆရာဝန် ဦးသိမ်းမောင်၏ဇနီး)ထံမှ တစ်မျိုးကြားရပုံကား အင်္ဂလိပ်များ စစ်ပြုရန် တက်လာစဉ်က သီပေါဘုရင်သည် ရွှေဘိုဘက်သို့ ထွက်၍ ရောင်နေပြီး လုပ်ကြံရန်ကိစ္စ၌ တိုင်တားမင်းကြီး ပါဝင်ကြံ့မှူးနေကြောင်း၊ သို့ကြောင့် ကင်းဝန်မင်းကြီးက (တိုင်)တားမင်းကြီးသို့ (ကပ်)၍ ဖျောင်းဖျဆွဲငင်ကာ ဘုရင် မထွက်ဖြစ်အောင် ကြိုးစားမည် ကြံသည်ဆိုကြောင်း၊ ဤသို့ ကြံသည်ကို ထိုမင်းကြီးများ အိမ်တော်သို့ ထွက်ဝင်သွားလာနေသော

www.burmeseclassic.com

www.burmeseclassic.com



ဆရာအန့်ကြီးဆိုသူက တိုင်တားမင်းကြီး အိမ်တော်၌ "တိုင်ကို ကင်းကပ်လိမ့်မည်"ဟု ပြန်ပြောသော စကားမျှသာဖြစ်သည်ဟု ကြားသိရလေသည်။

၁၄၀။ ဆီးဘန်နီဆရာတော်ကလည်း "မှတ်ပါရစ်စေ" ချိရတု၌ "မှားမိုက်လှစွာ၊ ကိုယ်မှီရာကို၊ ကိုယ်သာဖျက်ဆီး၊ ဖိကာဆီးသည်။ မှူးကြီးမတ်ငယ်၊ မာလောနွယ်တို့၊ ဝှက်ကွယ်လှည့်ဝိုက်၊ သူ့ဘက်လိုက်၍၊ စရိုက်စောင့်ငဲ့၊ သစ္စာမဲ့ကြောင့်"သိပေါဘုရင် ပါရသည်ဟု ကင်းဝန်မင်းကြီးတို့ကိုပင် ဆိုလိုရိပ်ရှိသည်။

၁၄၁။ ဤသို့အားဖြင့် ကင်းဝန်မင်းကြီးအပေါ်၌ စွပ်စွဲခြင်းများစွာရှိလေသည်။ ထိုအတွက် အနည်းငယ်ပြင်ဆင်၍ မှတ်ပါစေလိုသည်ကား ထိုမင်းကြီး၏ ကြံစည်ရင်း စေတနာ မကောင်း မဟုတ်ပါ။ သို့ရာတွင် မိမိ၏ကြံစည်ချက်များ မအောင်မမြင် ပျက်စီးပြီးလျှင် နောက်ဆုံး၌ မလည်မပတ်ဖြစ်၍ မလိမ့်တပတ် ခံလိုက်ရလေသဖြင့် မိမိအပေါ်၌ အပြစ်များစွာ တင်၍ ကျန်ရစ်ခဲ့ရခြင်း ဖြစ်လေသည်။ အောက်တွင် ရှင်းလင်းပြပါအံ့။

## ရည်ရွယ်ရင်း

၁၄၂။ ယခင်အပိုဒ် ၄၇၊ ၄၈ တို့တွင် ပြခဲ့သည့်အတိုင်း မင်းတုန်းမင်းတရား နောက်ဆက်ခံမည့်မင်းမှာ အကယ်၍ ဓားထက် စစ်လိုလားလျှင် မှူးမတ်တို့၏သြဇာကိုမခံ၊ ၎င်းပြင် အင်္ဂလိပ်နှင့်စစ်ဖြစ်၍ တစ်နိုင်ငံလုံး ဆုံးချိမ့်မည်။ စစ်မလိုလားသောမင်းနှင့်မှသာ နိုင်ငံကျန်မည်ကို ကင်းဝန်မင်းကြီးတို့ မှချသိမြင်လေသည်။သို့ကြောင့် သုံးဆယ်၊ မက္ခရာ၊ ညောင်ရမ်းစသော သားတော်ကြီးများကိုဖယ်၍ စစ်မလိုလား၊ အသက်ငယ်ရွယ်၊ မိမိတို့ ကြိုးဆွဲရာပါမည့် မင်းသားငယ်မျှဖြစ်သော သီပေါမင်းသားကို နန်းရအောင် စီမံလိုက်ကြခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အကြံအစည်များပျက်ပုံ

၁၄၃။ သီပေါမင်း နန်းရလျှင်သော်ကား မင်းတုန်းမင်းတရားကြီး၏ အလယ်နန်းမတော် ဆင်ဖြူမရှင် မိဖုရားကြီးသည်လည်းကောင်း၊ အထူးသဖြင့် (ထိုမိဖုရားကြီး၏သမီးတော်၊ သီပေါမင်း၏ မိဖုရားကြီး) ထိပ်စုဖုရားလတ်သည်လည်းကောင်း၊ တိုင်တားမင်းကြီးဖြစ်မည့် ဦးဖိုးသည်လည်းကောင်း၊ ရနောင်မောင်တုတ်သည်လည်းကောင်း စသည်ဖြင့် ထိုသူတို့၏ ဩဇာလွှမ်းမိုးလာလေရကား ကင်းဝန်မင်းကြီး၏ ဩဇာနည်းလာ၍ စိတ်ပျက်စ အကြံပျက်စဖြစ်လာလေသည်။

ဖြစ်ပျက်ခဲ့ပုံတို့ကား–

၁၄၄။ (က) နန်းတက်စက ဖမ်းဆီးချုပ်နှောင်ထားသော မင်းသားမင်းမြေး ၄၀ ကျော်တို့ကို မသတ်ဘဲ အစောင့်အရှောက်နှင့် ထားရန်ကို သီပေါမင်းနှင့် ကင်းဝန်မင်းကြီးတို့လည်း စိတ်ရင်းရှိကြလေသည်။ သို့ရာတွင် ညအခါ အသတ်ခံကြရသဖြင့် ကင်းဝန်မင်းကြီးသည် ပထမစိတ်ပျက်ခြင်း ဖြစ်ရသည်။ သတ်ပြီးသော နောက်နေ့နံနက် ရှေ့တော်တွင် ကင်းဝန်မင်းကြီး ထိုအကြောင်းကိုကြားရသောအခါ "ထွီ"ဆို၍ ထသွားကြောင်း၊ ထိုသို့ ပြုသွားသည်ကို အရှင် ၂ ပါးမှာ (အထူးသဖြင့် ထိပ်စုဖုရားလတ်မှာ) များစွာစိတ်မချမ်းမသာ ဖြစ်ရကြောင်း ကျွန်ုပ်တို့ကြားဖူးသည်။

၁၄၅။ (ခ) ကင်းဝန်မင်းကြီးသည် ဥရောပတိုက်သို့ ရောက်ဖူးသဖြင့် သီပေါမင်းကိုလည်း ဒေသန္တရ ဗဟုသုတရရန် မိမိတိုင်းပြည် တိုးတက်ရေးကို စီမံနိုင်ရန် ဥရောပတိုက်သို့ လှည့်လည်သင့်ကြောင်း နားချတိုက်တွန်းလေသည်။ ယောအတွင်းဝန်ဦးလှိုင်ကလည်း တိုက်တွန်းသည်ဟု ဆိုသည်။ ဘုရင်စိတ်ပါလာ၍ ဘုရင်က မိမိအသင်းပါတို့အား တိုင်ပင်သောအခါ ဆင်ဖြူမရှင်မိဖုရားကြီး၊ နောင် တိုင်တားမင်းကြီးဖြစ်မည့် ဦးဖိုး၊ ရနောင်မင်းသားဖြစ်လာမည့်မောင်တုတ် စသော သူတို့က မသွား

www.burmeseclassic.com



သင့်ကြောင်း၊ ဘုရင်ထွက်သွားနေစဉ် မလိုသောမှူးမတ်များက အခြားတစ်ဦးဦးကို ဘုရင် တင်နှင့်လျှင် အကျိုးယုတ်ရန်ရှိကြောင်း စသည်ဖြင့် ရိုးရိမ်စကားဖြင့် လျှောက်ထားကြသောကြောင့် ဘုရင် မသွားဖြစ်တော့ချေ။ ဤကား ကင်းဝန်မင်းကြီး၏ ဒုတိယအကြံပျက်ချက်တည်း။

၁၄၆။ (ဂ) မင်းသားများကို ဖမ်းစဉ်က ညောင်ရမ်း၊ ညောင်အုပ်မင်းသားတို့သည် အင်္ဂလိပ်ကိုယ်စားလှယ် အရေးပိုင် မစ္စတာရှော၏ဝင်းတွင် ခိုအောင်းနေကြသဖြင့် မြန်မာတို့ကတောင်းဆိုရာ မစ္စတာရှောက တိုင်းရေးပြည်ရေးအတွက် ပြေးလာသူကို အတင်းအကြပ် အပ်ပေးရိုးမရှိ၊ သူ့အလိုအလျောက် လာအောင် ကြံဖန်ခေါ်နိုင်လျှင်ကား ကန့်ကွက်ရန် မရှိကြောင်းဆိုသည်။

၁၄၇။ ထိုအခါ ရန်အောင်မြင်မြို့စား ဝန်ထောက် ဦးအိုက မရအရယူမည်ဟု အာမခံသောအခါ ကင်းဝန်မင်းကြီးက သဘောမတူသဖြင့် ထိုအတင်းအကြပ် လုယူမည့်အကြံ ပျက်သွားသည်။

၁၄၈။ ထိုအခါ ၁၂၄၀ ပြည့် တန်ဆောင်မုန်းလဆုတ် ၆ ရက် ညောင်ရမ်း ညောင်အုပ်မင်းသားတို့ကို မစ္စတာရှော၏ နေအိမ်ဝင်းမှ တုလွတ်ယာဉ်ပျံ မီးသင်္ဘောတွင် တင်၍ အင်္ဂလိပ်နယ်ဘက်သို့ အရောက်စာရေးတော်ကြီး ဦးဖိုးလှ၊ ခန်းပတ်ဝန်ယောင်း ဦးကြယ်တို့နှင့် တောင်မာရဘင်သေနတ် အမှုထမ်း ၂၀၀ ဝန်းရံစောင့်ရှောက်လိုက်ပို့စေသည်။ ဤအချက်တို့ကို သီပေါဘုရင် ကြားသိရသောအခါ ကင်းဝန်မင်းကြီး အပေါ်၌ သက်မကင်း ရှိလာလေသည်။

၁၄၉။ ထိုအတွင်း အိမ်တော်ပါလူညံ့များကို ရာထူးကြီးထူး ဘုရင်က ပေးချင်လျက်နှင့် ကန့်ကွက်သော မှူးမတ်များ ရှိလာခြင်း၊ ဘုရင်နှင့်မိဖုရားတို့ ငွေတော်များကို သုံးချင်တိုင်းမသုံးရအောင် ကန့်ကွက်သော မှူးမတ်များ ရှိလာခြင်း၊ ဤသို့သောအကြောင်းမျိုးစုံ ဖြစ်လာသောအခါ။

www.burmeseclassic.com

www.burmeseclassic.com



၁၅၀။ မကြာမီ ပထမ ရေနံချောင်းမြို့စားဝန်ကြီး၊ မကွေးမြို့စား မင်းကြီး ဦးလှိုင်၊ မြို့သစ်မြို့စား ဝန်ထောက် ဦးဖိ တို့ကို အရာကချ၍ အချုပ်နှင့် ထားသည်။ ထိုသုံးဦးကား ပညာ, ဥစ္စာ, အခြွေအရံနှင့် အင်အားကြီးမားသူ၊ အနောက်နိုင်ငံများကဲ့သို့ ဥပဒေစည်းကမ်းနှင့် ပါလီမန်နှင့် ကျနစွာစီမံလိုသူများ ဖြစ်ကြသည်။ ဤကဲ့သို့သောပုဂ္ဂိုလ်ကြီးများ နိမ့်ကျကတည်းက မြန်မာနိုင်ငံ အခြေပျက်ပြီဟု မှတ်ယူသင့်သည်။

၁၅၁။ နောက် ကင်းဝန်မင်းကြီးကို သေနတ်ဝန်ရာထူးမှချ၍ ဥပဒေပြု အရာရှိအနေမျှဖြင့်သာ ထားသည်။ နန်းတင်ပေးဖူးသော ကျေးဇူးကိုထောက်၍ကား ဘုရင်သုံးဆောင်သောနည်းထပ်တူ နေ့စဉ် ပွဲတော်အုပ် ကင်းဝန်မင်းကြီးထံသို့ ပို့စေသည်။

၁၅၂။ ၎င်းနောက် ရနောင်မင်းသားအဖ ဦးပိန်နှင့် ရနောင်မင်းသား မောင်တုတ်တို့ သေဆုံးသောအခါ ကင်းဝန်မင်းကြီးကို သေနတ်ဝန်ခန့် သေးသည်။ သို့ရာတွင် ကုန်းကြောင်းစစ်ဘက်ဌာနကို တိုင်တားမင်းကြီး ဦးဖိုးက လက်ကိုင်ဆိုင်ရာ ပြုလုပ်အုပ်ချုပ်နေရလေသည်။

၁၅၃။ ဤသို့ ကင်းဝန်မင်းကြီးဦးကောင်း ဩဇာကျ၍ တိုင်တားမင်းကြီး ဘုန်းကြီးနေသောအခါ တစ်ခါတစ်ရံ၌ ဘုရင်က ဦးကောင်းအား "မင်းကြီး၊ နန်းတော်များ အခစားမဝင်ဘဲကိုး" ဟု မိန့်တော်မူရာက "မှန်ပါ ခစားပါ၏ဘုရား၊ သို့ရာတွင် တိုင်ကွယ်နေ၍ မမြင်ပါဘုရား" ဟု ပြန်လျှောက်သောဟူ၏။

၁၅၄။ အနောက်ဘက်တစ်လွှားဆိဒ်၌ လူဆိုးများ ထကြွသောင်းကျန်း ရေးနှင့်စပ်၍ အမေးတော်ရှိရာ ဦးကောင်းက "လူဆိုးများ အလွန် အစွမ်း ကောင်း၍ မဖမ်းနိုင်ပါ။ ၎င်းတို့မှာ တိုင်တစ်လုံးကွယ်ရုံနှင့် ကိုယ် ပျောက်သွားကြပါသည်" ဟု တိုင်တားမင်းကြီးအား ထိခိုက်၍ လျှောက် သော ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၅၅။ ငင်းပြင် မင်းတုန်းမင်းတရားကြီး၏ သမီးတော်တစ်ပါး မိန့်တော်မူချက်ကား "တိုင်ကို ရေနံသုတ်ထား၍ ကင်းမတက်နိုင်"ဟူ၍ ဖြစ်သည်။ အဓိပ္ပာယ်ကား တိုင်တားမင်းကြီးနှင့် ရနောင်မင်းသား၏ အဖ ရေနံချောင်းမင်းကြီးတို့ သင့်မြတ်၊ အရာရာ၌ ရေနံချောင်းမင်းကြီး က တိုင်တားမင်းကြီးကို ကူညီကာကွယ်လေသဖြင့် မတည့်သော ကင်းဝန် မင်းကြီးက တစ်စုံတစ်ရာ ရန်မပြုနိုင်။ တစ်နည်းအားဖြင့် တိုင်တား မင်းကြီးနှင့် ရေနံချောင်းမင်းကြီးတို့ ပူးပေါင်းတန်ခိုးကြီးနေသဖြင့် ကင်းဝန်မင်းကြီး မလွှမ်းမိုးနိုင်လေဟု ဆိုလိုသည်။

၁၅၆။ ထိုအခါဆီက တိုင်တားမင်းကြီးနှင့် လေှသင်း အတွင်းဝန်တို့ တစ်သင်းတည်း ဖြစ်နေရာမှ ထိုအထက်ပါ လူဆိုးများထကြွမှု၊ ဖမ်းဆီးမှု အရေးနှင့် စပ်၍ တိုင်တားမင်းကြီးနှင့် လေှသင်းအတွင်းဝန်တို့ အသင်း ကွဲလေသည်။ သို့ကြောင့် တိုင်တားမင်းကြီးအသင်း၊ လေှသင်းအတွင်းဝန် အသင်း၊ ကင်းဝန်မင်းကြီးအသင်း ဟု ၃ သင်းမျှ ကွဲနေလေတော့သည်။ ကြီးမှူးသူတို့ အသင်းကွဲနေခြင်းသည် တိုင်းပြည်ပျက်ခြင်း၏ အကြောင်း ကြီးတစ်ခု ဖြစ်၏။

၁၅၇။ အထက်တွင် ဆိုခဲ့သည့်အတိုင်း ကင်းဝန်မင်းကြီး ဩဇာကျ အရာကျ၊ အကြံအစည်ပျက်စီးရခြင်း တတိယအကြိမ်တည်း။

၁၅၈။ (ဃ) တစ်ခါသော် သီပေါမင်းက အင်္ဂလိပ်များ မြန်မာနိုင်ငံ ကို မသိမ်းယူနိုင်အောင် မည်သို့ ကာကွယ်မည်နည်းဟု မေးတော်မူသော အခါ မြို့သစ်အတွင်းဝန်က နိုင်ငံခြားများနှင့် မဟာမိတ်ဖွဲ့၍ စာချုပ် ပြုလုပ်ကာကွယ်ရန်၊ လေှသင်းအတွင်းဝန်နှင့် တိုင်တားမင်းကြီးတို့က ခုခံတိုက်ခိုက်ရန်၊ ဦးကောင်းက အင်္ဂလိပ်တို့လိုသော သစ်တော, ရေနံ တွင်း, ပတ္တမြားကျောက်တွင်း ၃ တွင်းအနက် တစ်ခုခုပေးလျှင် ကျေနပ် ကြမည်ဖြစ်၍ မည်သို့မျှ စိမ်ရန်မလိုသေးကြောင်း အသီးသီး တင်လျှောက် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၅၉။ ထိုအခါ သက်တော်လည်း ငယ်သေးသော၊ စိတ်လည်း ထက်မြက်သော သီပေါမင်း၏ မိဖုရားကြီး ထိပ်စုဖုရားလတ်က ဦးကောင်းအား "သည်လောက်ကြောက်တတ်လျှင် ယောကျ်ားလုပ်မနေပါနှင့်၊ မိန်းမလုပ်ပါ။ သီလရှင်လုပ်ပါတော့လား" စသည်ဖြင့် ပြောဆို၊ ထို့နောက် ထဘီ၊ ယပ်တောင်၊ သနပ်ခါးတုံး၊ ကျောက်ပျဉ် စသော မိန်းမအသုံးအဆောင်တို့ကို ပေးပို့လိုက်သော ဟူ၏။

ဤတွင်လည်း နိမ့်ကျ၊ အကြံပျက်ရခြင်း စတုတ္ထအကြိမ်။

၁၆၀။ (င) နောက်ဆုံး စစ်ဖြစ်ခါနီး၌ အရှင် ၂ ပါးနှင့် တိုင်တားမင်းကြီး ဦးဖိုး တို့က စစ်တိုက်လိုသည်။ ကင်းဝန်မင်းကြီး ဦးကောင်းနှင့် အသင်းပါ တောင်ခွင်မင်းကြီး ဦးသိုင်း၊ ပေါက်မြိုင့်အတွင်းဝန် ဦးလှဘူး၊ ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုး တို့က အင်္ဂလိပ်တို့ တောင်းဆိုချက်များကိုပေးရန် စစ်မတိုက်ရန် ခုခံပြောကြသည်။ ထိုအခါ တိုင်တားမင်းကြီးက သူ့လူများ လွှတ်ထားပြီးကြောင်း၊ စစ်တိုက်သည်နှင့် တပြိုင်နက် အောက်နိုင်ငံက ထကြွလိမ့်မည့်အကြောင်း အတင်းအမာ ပြောသည်နှင့် စစ်တိုက်ရန်ဘက်က လူများနေလေသည်။ ထိုအခါ ကျောက်မြောင်းအတွင်းဝန်သည် သူ့ယောက္ခမ တိုင်တားမင်းကြီးမျက်နှာကို စေ့စေ့ကြည့်၍ သည်တစ်ခါဖြင့် နိုင်ငံပါ ဆုံးတော့မှာပဲဟုဆိုကာ ငိုရှာသေးသည်။ အရှင်နှစ်ပါးပါသွားပြီးနောက်လည်း ထိုကျောက်မြောင်းအတွင်းဝန်သည် များစွာစိတ်မချမ်းသာ ဝမ်းပန်းနည်း၍ အိပ်ရာတွင်း၌ မှိုင်တွေချနေတတ်သောဟူ၏။

၁၆၁။ တိုင်တားမင်းကြီးတို့မှာ မိမိတို့၏ အရှင်များကို ကြည်ညိုချစ်ခင်စွာနှင့် ဘာဖြစ်ဖြစ် မကြောက်တမ်း တိုက်ခိုက်မည်ဟု စိတ်ရင်းရှိပုံ ရလေသည်။

၁၆၂။ ဤတွင်လည်း ကင်းဝန်မင်းကြီး၏ အရေးကြီးသော အကြံပေးချက် ၅ ကြိမ်မြောက် အထမမြောက်သဖြင့် နိုင်ငံပါဆုံးလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သို့ နောက်ဆုံး ဆုံးရှုံးရပုံမှာ ကင်းဝန်မင်းကြီး အကြံပျက် ရုံမက မလိမ့်တပတ် ခံရသောကြောင့် ဖြစ်ပုံကို အောက်တွင် ကြည့် ပါလေ။

## နောက်ထပ် ကြံစည်ချက်

၁၆၃။ ဤသို့ ကင်းဝန်မင်းကြီး ကြံစည်ရင်းတို့ အဆင့်ဆင့် ပျက်လာသည့်အပြင် အရှင် ၂ ပါးစသူတို့အားလည်း စိတ်နာလာပြီဖြစ် ၍ သီပေါမင်းကို နန်းချ၍ အခြား မင်းသားတစ်ပါးကို နန်းတင်ရန် ကြံလေတော့သည်။

၁၆၄။ ဤကိစ္စတွင် အလယ်နန်းမိဖုရားကြီး ဆင်ဖြူမရှင်မှာလည်း မိမိ၏ ကြံစည်ရင်း စိမ်ရင်းကို သီပေါမင်း၏မိဖုရား၊ သမီးတော် ထိပ် စုဖုရားလတ်သည် မလိုက်နာနေသဖြင့် ထိုအခါက ထိုဆင်ဖြူမရှင်မှာ ကင်းဝန်မင်းကြီးနှင့် ဆန့်ကျင်သည်မဟုတ်၊ အသင်းပါ ဖြစ်နေလေသည်။

ဆင်ဖြူမရှင်၏ ကြံစည်ရင်း၊ စိမ်ရင်းဆိုသည်ကား သီပေါမင်းနှင့် မိမိ၏ သမီးတော်အကြီး ၂ ပါး၊ ထိပ်စုဖုရားကြီးနှင့် ထိပ်စုဖုရားလတ်တို့က ထိမ်းမြား၍ ထိပ်စုဖုရားကြီးကို တောင်နန်းမတော် မိဖုရားခေါင်ကြီး၊ ထိပ်စုဖုရားလတ်ကို နန်းမတော် မိဖုရားကြီးထားရန် ကြံစည်စိမ်သည်။

နန်းတက်၍ တစ်လကျော်အကြာ ရာဇပလ္လင်တော်ထက် ထိပ်စုဖုရား ကြီးက လက်ယာ၊, ထိပ်စုဖုရားလတ်က လက်ဝဲစံနေစေ၍ မဟာသိ ဘိသိက်ခံတော်မူကြပြီးနောက်သော်ကား (နန်းတော်နေ့စဉ်မှတ်။) သီပေါ မင်းနှင့် ထိပ်စုဖုရားလတ်တို့မှာ မဆွကပင် ချစ်ခင်ရည်ငံ ရှိခဲ့ကြဖူး၍ ရင်းနှီးသဖြင့်လည်းကောင်း၊ ထိပ်စုဖုရားလတ်က ထက်မြက်သူ ဖြစ်လေ သဖြင့်လည်းကောင်း ထိပ်စုဖုရားကြီးမှာ တောင်နန်းမတော် မိဖုရားခေါင် ကြီး ဖြစ်ခွင့်မရတော့ချေ။ မယ်တော်၏ အဆောင်တော်သို့ပြန်၍ မယ်တော် နှင့် စံနေရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(သမီးတော်အငယ်ဆုံးထိပ်စုဖုရားလေးကိုကား နောင်အခါ ကာလ အတန်ကြာမှ သီပေါမင်းနှင့် ထပ်မံထိမ်းမြားတော်မူသည်။)

၁၆၅။ ထိုသို့ ကင်းဝန်မင်းကြီးတို့သည် သီပေါမင်းကို နန်းချရန် အတွက် စီမံကြရာ၌ မိမိတို့အသင်းအပင်း ပါဝင်သူတို့အား လက်နက် များပင် ဝေငှပြီးစီးကြောင်း အဝေးရောက်မင်း ဦးအောင်ကြီးထံမှ ကျွန်ုပ်တို့ မှတ်ယူရဖူး၏။

၁၆၆။ အထူးကား ဤသီပေါမင်းကို နန်းချမည်ဆိုရာ၌ အခြား မင်းသားတစ်ဦးဦးနှင့် လဲလှယ်ရန်သာ ဖြစ်သည်။ မြန်မာနိုင်ငံကို အခြားလူမျိုးခြားတို့အား အပ်ပေးရန် ကြံစည်သည်မဟုတ်သည်ကို သတိချပ်စေ လိုပါသည်။

## ညောင်ရမ်းမင်းသား ညောင်အုပ်မင်းသားနှင့် ဆက်သွယ်ပုံ

၁၆၇။ ကြံစည်ပုံကား ကင်းဝန်မင်းကြီးနှင့် မင်းတုန်းမင်းတရား ကြီး၏ မိဖုရားကြီးတစ်ပါး၊ ထိုမိဖုရားကြီး၏ သမီးတော်ကြီး၊ ထို ၃ ဦးတို့ ဦးစီးစီမံလျက် အိန္ဒိယပြည် အင်္ဂလိပ်အစိုးရထံတွင် ရှိနေသော ညောင်ရမ်းမင်းသားတို့ထံသို့ ဥစ္စာဘဏ္ဍာများကို လျှို့ဝှက်ပေးပို့ကာ "၎င်းပစ္စည်းများကို ထုခွဲ စရိတ်ပြု၍ အထက်မြန်မာနိုင်ငံကို ကြံပါ။ အလွယ်နှင့် ရပါစေမည်"ဟု အကြောင်းကြားလိုက်၏။ (ညောင်ရမ်း မင်းသားတို့ အောင်သောအခါ ယခုကြံရာပါ မင်းသမီးနှင့် လက်ထပ် နန်းတင်မည်ဟု ကြံရင်းရှိ၏။ ပို့သောဘဏ္ဍာပစ္စည်းတို့မှာ များသောအား ဖြင့် ထိုမင်းသမီးကြီး၏ ဘဏ္ဍာပစ္စည်းများ ဖြစ်၏။)

၁၆၈။ ပစ္စည်းများပို့ပုံကား ရန်ကုန်တွင် ကင်းဝန်မင်းကြီးတို့၏ လူဆက်တစ်ဦး ရှိနေ၏။ ထိုသူမှာ ၁၂၂၈ ခု၊ မြင်ကွန်းမင်းအရေးတော်ပုံ အခါက ပါလာသူ တောင်သာဗိုလ် ဖြစ်သည်။ အောက်ပြည် အောက်ရွာသို့ ရောက်လာသောအခါ အထက်သို့ မပြန်ဝံ့သည်နှင့် ၎င်း၏ ဆွေဆက်

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်ရှိရာ မော်ဝန်းကျောက်တန်းအပိုင် ပျဉ်းမကန်ရွာ အညာစုတွင် ခိုဝင်လုပ်ကိုင် စားသောက်နေလေတော့သည်။ ထိုတောင်သာဗိုလ်နှင့် ကင်းဝန်မင်းကြီးတို့ ဆက်မိကြ၍ ရွှေ ငွေ ဘဏ္ဍာ စသည်တို့ကို ညောင်ရမ်းမင်းသားတို့ထံသို့ လူဖြင့် အပို့လွှတ်သောအခါ ထိုတောင်သာဗိုလ်ထံသို့ ဝင်ရောက်ပြီးမှတစ်ဆင့် အိန္ဒိယသို့ သွားကြသည်။

၁၆၉။ ထိုတောင်သာဗိုလ်ထံသို့ မရောက်မီ ရန်ကုန်တွင် ၎င်းပစ္စည်း စသည် ပို့သူတို့ ဝင်ရောက်ထောက်နားသွားတတ်ကြသည်ကား ထိုအခါ ပုဇွန်တောင် မောင်းတန်းရပ် လေ့သူကြီးဖြစ်သော ဦးစိုး၏အိမ်တည်း။ ထိုဦးစိုးမှာ အင်္ဂလိပ်ပိုင် ရန်ကုန်တွင် မြူနီစီပါယ်မပေါ်မီ မြို့ရွာစီမံရေး အတွက် အုပ်ချုပ်ရသော ကော်မတီလူကြီးတစ်ဦး ဖြစ်သည်။

၁၇၀။ ပစ္စည်းပို့လာသူတို့မှာ အများအားဖြင့် သီလရှင်အဝတ်အစားနှင့် မချွီမသို့ ဘုရားဖူးအဖြစ်ဖြင့် လာတတ်ကြသည်။

၁၇၁။ တစ်ခါတစ်ခါ ကင်းဝန်မင်းကြီးထံမှ ညောင်ရမ်းမင်းသားတို့ထံသို့ စာတိုက်က စသည်ဖြင့် စာများလည်း ပို့တတ်သည်။ စာတစ်စောင်တွင် ကင်းဝန်မင်းကြီး၊ ၎င်းပြင် ကြဲရာပါ မိဖုရားကြီးနှင့် သမီးတော်၊ ထိုသုံးပါးတို့၏ဓာတ်ပုံများပါလာရာ ထိုစာနှင့် ဓာတ်ပုံတို့သည် အင်္ဂလိပ်လက်တွင်းသို့ ရောက်သွားသည်ဆိုသည်။

## အင်္ဂလိပ်တို့ ကြံစည်ပုံ

၁၇၂။ အင်္ဂလိပ်တို့က ထိုစာစသည်များကို ရရှိ အကြံအစည်တို့ကို သိရသောအခါ "သင့်တော်သော အချိန်တွင် အထက်မြန်မာနိုင်ငံကို ကြံပါမည်"ဟု အင်္ဂလိပ်တို့က ညောင်ရမ်းမင်းဟန်ပြု၍ ကင်းဝန်မင်းကြီးထံ စာပြန်ကြသည် ဆိုသည်။ ညောင်ရမ်းမင်းသား တစ်စုံတစ်ရာ မသိရ။ အင်္ဂလိပ်တို့သဘောမှာ ထိုအခါက ထိုနည်းကို ချက်ချင်းသုံးရန်မဟုတ် နောင်လိုသောအခါမှ သုံးမည်ဟု မှန်းထားဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၇၃။ ၎င်းပြင် ကင်းဝန်မင်းကြီးသည် လက်ရှိဘုရင်ကို နန်းချရန် လျှို့ဝှက်ကြံစည်မှုကို အင်္ဂလိပ်တို့က သိရှိလေပြီ ဖြစ်သောကြောင့် ထိုရာဇဝတ်မှုကို ဖော်လိုလျှင်ဖော်နိုင်သော အင်္ဂလိပ်တို့သည် ကင်းဝန်မင်းကြီးအပေါ်တွင် ကြိုးဆွဲချင်က ဆွဲနိုင်သောအခြေသို့ ရောက်နေလေတော့သည်။

၁၇၄။ နောက်ဆုံး အင်္ဂလိပ်တို့က စစ်ပြုရန် ချီတက်လာသောအခါ ၎င်းတို့၏စကားပြန် ဦးဘသန်းဆိုသူကို မင်းညီမင်းသားဟန်ပန် ဆင်ယင်ဝတ်စားစေ၍ မင်းခမ်းမင်းနားနှင့် သင်္ဘောဦးတွင် ညောင်ရမ်း မင်းသားအသွင်ဖြင့် တင်ပြလာလေသည်။

**မှတ်ချက်** ၁။ ။ ၎င်း ဦးဘသန်းမှာ မော်လမြိုင်မြို့ဝန်ထောက် ဦးအုန်း၏သား၊ ကွယ်လွန်သူ ထင်ရှားကျော်စောသော ဦးဘတူ၏ညီဖြစ်ကြောင်း ကြားသိရ၏။

**မှတ်ချက်** ၂ (က)။ ။ ညောင်ရမ်းမင်းသားကြီးသည် ၁၂၄၇ ခု၊ နယုန်လတွင် သက်တော် ၃၈ နှစ်ခန့်၌ ကာလကတ္တားမြို့တွင် နတ်ရွာစံတော်မူကြောင်း။ ညောင်အုပ်မင်းသားသည် ၁၂၅၉ ခုခန့်တွင် သက်တော် ၄၈ နှစ်ခန့်၌ ဘင်္ဂလားပိုင် မူရရှေဒဗဒ်မြို့တွင် နတ်ရွာစံတော်မူကြောင်းတို့ကို ညောင်ရမ်းမင်းသားကြီး၏ သမီးတော်ကြီး၊ ညောင်ရမ်းထိပ်တင်မကြီး၊ ညောင်အုပ်မင်းသား၏ ကိုယ်လုပ်တော် ညောင်အုပ်မင်းသမီးကြီး ခင်မြကြီး၊ ညောင်အုပ်မင်းသား၏ သမီးတော် ညောင်အုပ်ထိပ်တင်တုတ် တို့ထံမှ ကြားသိရလေသည်။

(ခ) အင်္ဂလိပ်တို့ ချီတက်လာသည့်အခါမှာ ၁၂၄၇ ခု၊ တန်ဆောင်မုန်းလတွင်ဖြစ်၍အထက်ပါအချက်အရ ညောင်ရမ်း မင်းသားကြီး မရှိတော့ပြီ။ လွန်ခဲ့သော ၅ လ၊ ၆ လခန့်ကပင်

www.burmeseclassic.com

www.burmeseclassic.com



နတ်ရွာစံနှင့်ပြီးဖြစ်သည်။ ညီတော် ညောင်အုပ်မင်းသား ထိုအခါက ကာလကတ္တား၌ ရှိနေတော်မူတော့သည်။

သို့ရာတွင် ထိုသို့ ညောင်ရမ်းမင်းသား နတ်ရွာစံနှင့်ပြီး ဖြစ်ကြောင်းကို မန္တလေးက မှူးမတ်ကြီးစသူတို့ သိမှသိကြမည်။ သို့ဖြစ်သော် မြန်မာမင်းသားဟန်ဆောင်လာခြင်းမှာ ညောင်ရမ်းမင်းသားဟန်ဖြစ်စေ၊ ညောင်အုပ်မင်းသားဟန် ဖြစ်စေ၊ ညောင်ရမ်းမင်းသားလိုလို၊ ညောင်အုပ်မင်းသားလိုလို ဖြစ်စေ အမျိုးမျိုးဖြစ်နိုင်သည်။

သို့ရာတွင် အပိုဒ် ၁၈၁ တွင် ပင်းယမင်းသမီး လျှောက်ထားချက်အရလည်းကောင်း၊ စတုတ္ထသမီးတော်၏ အရေးတော်ပုံ အရလည်းကောင်း ညောင်ရမ်းမင်းအဟန်ဟုပင် ယခုအခါ ရေးသားပါဦးမည်။

၁၇၅။ ဤသို့ အင်္ဂလိပ်များ ဆန့်တက်လာသောအခါ ကင်းဝန်မင်းကြီးစိတ်တွင် အင်္ဂလိပ်တို့၏ အကူအညီဖြင့် ညောင်ရမ်းမင်းသား ချီလာပြီဟု ထင်မြင်ယုံကြည်လေသည်။ သို့ကြောင့်လည်း မြင်းခြံအထက် မြစ်စဉ်လမ်းရှိ အဝခံမြို့၊ စစ်ကိုင်းခံမြို့၊ သပြေတန်းခံမြို့ရှိ မြန်မာစစ်တပ်တို့ကို မခုခံရန် အမိန့်ထုတ်ဆင့်လိုက်ခြင်း ဖြစ်သည်။

၁၇၆။ မန္တလေး ဂေါဝိန်ဆိပ်သို့ ရောက်သောအခါ ကင်းဝန်မင်းကြီးက ညောင်ရမ်းမင်း ပါမပါ၊ ဟုတ်မဟုတ်စသည်ဖြင့် စုံစမ်းခိုင်းသည်ဟု ကြားသိရ၏။ စုံစမ်းသူအား အင်္ဂလိပ်စစ်ဗိုလ်ကြီးက ညောင်ရမ်းမင်းသားကိစ္စတစ်ခုရှိ၍ တစ်နေရာသို့ သွားရောက်နေကြောင်း မကြာမီ ပြန်လာလိမ့်မည့်အကြောင်း ပြောပြီး၍ ကင်းဝန်မင်းကြီးသည် သီပေါဘုရင်ကို ယူဆောင်၍ သင်္ဘောသို့ လာရောက်စေလိုကြောင်း ထိုစေလွှတ်သူကိုပင် မှာလိုက်သောဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၇၇။ အချို့သော မှူးကြီးမတ်ကြီးတို့မှာလည်း ညောင်ရမ်းမင်းသားကို ဖူးမြင်ရန်ဟု သင်္ဘောပေါ်သို့ရောက်ရှိ၊ ညနေ ၃ နာရီလောက်က မိုးချုပ်အထိ စောင့်နေသော်လည်း မဖူးတွေ့ကြရလေ။

၁၇၈။ ဤအတောအတွင်း အင်္ဂလိပ်က တက်၍ နန်းတော်ကို ဝိုင်းထားလေတော့သည်။

၁၇၉။ ကာနယ်စလေဒင်က ရှေးဦးစွာ စာချုပ်ပြီး ပြန်ပါမည်ဟု သီပေါမင်းအား လျှောက်၏။ နောက် တောင်ဥယျာဉ်သို့ ဆင်းတော်မူပါ။ နောက် ရေဆိပ်သင်္ဘောပေါ်သို့ ဆင်းတော်မူပါ။ တဖြည်းဖြည်းဆောင်၍ ယူခဲ့ရာ သင်္ဘောသို့ ရောက်လေတော့၏။

၁၈၀။ သီပေါဘုရင်သည် ရေဆိပ်သင်္ဘောပေါ်တွင် ရှိနေစဉ် ပင်းယမင်းသမီးက အခြားသင်္ဘောတစ်စင်း ဦးတွင်ရှိသူမှာ ညောင်ရမ်းသားဟု ပြောကြကြောင်း၊ သီပေါဘုရင်ကို နန်းချပြီး ညောင်ရမ်းမင်းသားနှင့် ထိပ်စုဖုရားကြီးကို လက်ထပ်ကာ နန်းတင်မည် ပြောကြပါကြောင်း လျှောက်တင်လေ၏။ ထိုအခါ သီပေါမင်းသည် ကိုယ်တော်တိုင်ထ၍ သင်္ဘောခန်းတရုတ်ကပ်ကို လှစ်ကာကြည့်ရှုတော်မူပြီး "နောင်တော် ညောင်ရမ်းမင်း မဟုတ်ပါဘူး။ ငါ့နောင်တော် ငါသိပါတယ်။ ဘယ်က လူမှန်းမသိ"ဟု မိန့်ဆိုတော်မူသောဟူ၏။ (ဂီရိရတနာ ဆောင်းပါးမဟာ။)

၁၈၁။ ဤသို့အားဖြင့် အတိုချုပ် ပြန်ကြည့်သော် ကင်းဝန်မင်းကြီးသည် သီပေါမင်း နန်းမရမီကစ၍ နန်းတက်၊ နန်းကျအထိ တိုင်းပြည်ကို တိုင်းတစ်ပါးသားတို့အား အပ်နှင်းရန် မကြံစည်ဟု ယူဆထိုက်သည်။ သို့ရာတွင် ချီကတည်းက မိမိ၏ အကြံအစည်တို့မှာ လွဲမှားပျက်စီး နောက်၌ မလိမ့်တပတ်ဖြစ်ရပြီး ခုခံတိုက်ခိုက်နေလျှင်လည်း မြန်မာတို့ ရှုံးနိမ့်၊ သေကျေ၊ ပျက်စီးတော့မည်သာတည်းဟု မင်းနှင့်ပြည်ပါ ဆုံးရလေတော့သည်။ သို့ဆုံးရှုံးရသည့် တာဝန်သည်လည်း ကင်းဝန်မင်းကြီး အပေါ်၌ တင်ကျန်ရစ်လေတော့သတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

## သူပုန်မင်း

၁၈၂။ ၁၉၃၅ ခု ဒီဇင်ဘာလ ၁ ရက်နေ့ထွက် ရန်ကုန်တိုင်း အင်္ဂလိပ် သတင်းစာတွင် (Survivors of the Burmese War) မြန်မာ စစ်ပွဲမိလိုက် သူများဟု ခေါင်းတပ်၍ ဆောင်းပါးတစ်စောင်တွင် အင်္ဂလိပ်ဘာသာ အားဖြင့် "After the War and the capture of the rebel King Theebaw at Mandalay, Lord Roberts presented young Kennair, with a Service Medal" ဟုပါရှိရာ မြန်မာဘာသာအားဖြင့် "စစ်ပွဲ အပြီး မန္တလေးတွင် သူပုန်ဘုရင် သီပေါမင်းကို ဖမ်းဆီးပြီးနောက် လော့ဒ်ရောဘတ်စ်က ငယ်ရွယ်သူကင်နယ်ယာအား အမှုထမ်းတံဆိပ်ဖြင့် ချီးမြှင့်လေသည်"ဟူ၍ ဖြစ်လေသည်။

၁၈၃။ ထို "Rebel" ဆိုသော အင်္ဂလိပ်စကားမှာ သုံးရိုးသုံးစဉ် အတိုင်း "သူပုန်"ဟူသော စကားနှင့် ထပ်တူဖြစ်သည်။ သူပုန်ဆိုသည်မှာ အစိုးရတစ်ခုခု၏ လက်အောက်ခံ တစ်ယောက်ယောက်က ခုခံတိုက်ခိုက် တော်လှန်ခြင်းကို ဆိုသည်။

၁၈၄။ သီပေါဘုရင်မှာ မြန်မာနိုင်ငံ အထက်ပိုင်း၏ ဘုရင်ဖြစ်သည်။ အင်္ဂလိပ်ဘုရင်၏ လက်အောက်ခံမဟုတ်၊ မည်သည့်ဘုရင်၏ လက်အောက် ခံမျှ မဟုတ်။ သီပေါဘုရင်က အင်္ဂလိပ်ဘုရင်ကို တိုက်ခိုက်ရာ၌ ပြည်ထောင်အချင်းချင်း ဂုဏ်တူဘုရင်ချင်း တိုက်ခြင်းဖြစ်ရကား သီပေါ ဘုရင်ကို သူပုန်ဟု မဆိုရ၊ မဆိုထိုက်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၅။ သို့ပါလျက်နှင့် သီပေါဘုရင်ကို သူပုန်ဘုရင်ဟု ဆိုခြင်းမှာ

(က) ထို "Rebel" "သူပုန်"ဆိုသောစကားကိုသုံးသော အင်္ဂလိပ်တို့သည် မိမိတို့ဘာသာစကား၏အဓိပ္ပာယ်ကို မှန်ကန်ကျနစွာ မတတ်မသိနားမလည်သူများသော်လည်း ဖြစ်ရာသည်။

(ခ) သို့မဟုတ် သီပေါဘုရင်၏ ဘုရင်သီးခြားအဖြစ်ကို မသိသူများသော်လည်း ဖြစ်ရာသည်။

(ဂ) သို့မဟုတ် အထက်ပါ ၂ ချက်ကိုသိပါလျက်နှင့် ကျဆုံးကွယ်လွန်လေပြီးသော မြန်မာဘုရင်တစ်ပါးကို အကျိုးမဲ့စော်ကားခြင်းသော်လည်း ဖြစ်ရာသည်။

(ဃ) သို့မဟုတ် ပျော်ပျော်ပါးပါး၊ စားစားသောက်သောက်ရှိကြစဉ် ပြောမိပြောရာ ပြောကြခြင်းသော်လည်း ဖြစ်ရာသည်။

၁၈၆။ ကျွန်ုပ်သော်ကား ဤနောက်ဆုံး စတုတ္ထ (ဃ)အချက်ဖြစ်သည်ဟု ထင်မိသည်။ ဖြစ်ပါစေသော်ဟုလည်း ဆုတောင်းသည်။ အကြောင်းသော်ကား ထိုစတုတ္ထအချက်ဖြစ်သော်မှ ဆိုသူခံသူ ၂ ဖက်သာ၍ စိတ်ဖြေနိုင်ရန် ရှိကြသည်။

## ထိပါးပုံများ

၁၈၇။ ဤသို့ ထိထိပါးပါးဆိုကြသည်မှာ အတန်များလှလေပြီ။ "The Lacquer Lady"ခေါ် စာအုပ်၌ ယစ်ထုတ်ကြီးသဖွယ် သူသတ်ကြီးသဖွယ် ရေးသားထားလေသည်။

၁၈၈။ အခြားသူတို့ကို ထားဘိဦး၊ မြန်မာကို စေတနာထား၍ မြန်မာရာဇဝင်ကို ရေးသည်ဆိုသော အိန္ဒိယနိုင်ငံတော် ပဋိညာဉ်ခံအဖွဲ့ဘွဲ့ရ မစ္စတာဟာဗီ (Mr, G.E. Harvey, I.C.S.)မှသော်လည်း အင်္ဂလိပ်မြန်မာဆက်ဆံရေး၊ စစ်မက်ဖြစ်ပွားရေးအရပ်ရပ်တို့၌ မြန်မာတို့အပေါ်တွင် အတော်ပင်အပြစ်ဖို့ကာ ပြထားလေသည်။ မြန်မာတို့ ဂုဏ်ယူဖွယ်မပါ၊ မရှိလှ။ မိမိတို့အင်္ဂလိပ်အမျိုးသားအစိုးရတို့အတွက်ကိုသာ မိုးထိ

www.burmeseclassic.com

www.burmeseclassic.com



အောင် မြှောက်ကော်၍ အတော်ပင် ကာကွယ်ချီးပင့် ရေးသားလေသည်။

အခြားတို့ကို ထားဘိဦး၊ မိမိ၏ မြန်မာရာဇဝင်စာအုပ်ကြီး နောက်ပိုင်း၌ မြန်မာဘုရင်တို့၏ စာရင်းကိုပြရာ"King"= ဘုရင်ဆိုသော စကားကို မသုံးဘဲ "Chief"= အကြီးအကဲ၊ လူကြီး၊ စော်ဘွား၊ စော်ကဲ စသော ဆယ်အိမ်ခေါင်းသာသာ အဓိပ္ပာယ်ရှိသော စကားကို သုံးလေသည်။

၁၈၉။ မစ္စတာဟာဗီအား ထိုမြန်မာရာဇဝင်စာအုပ်ကို ရေးသည့် အတွက် မြန်မာပြည်တက္ကသိုလ်ကျောင်းတော်ကြီးက (D. Litt) ဒီလစ် ခေါ် ပညာရှိကြီး ဘွဲ့တစ်မျိုးကို ပေးမည်ဟု စီမံလျက်နှင့် ပျက်ကွက် သွား၍ မရလိုက်ရှာလေ။ ထိုသို့မရလိုက်သည်မှာ မြန်မာဘုရင်တို့ကို မထိမဲ့မြင် ပြုမိသောကြောင့် လက်ငင်းငရဲကြီးခြင်းဖြစ်သည်ဟု မှတ်ယူ ထိုက်သည်။

၁၉၀။ ထိုသို့မရထိုက်ကြောင်း ကန့်ကွက်ခုခံ ပြောကြပေသော တက္ကသိုလ်အဖွဲ့ဝင် ဒေါက်တာဘွဲ့ရ ဝတ်လုံတော်ရ ဦးဘဟန်၊ ဝတ်လုံ တော်ရ ဦးစိုးညွန့်တို့နှင့်တကွ အခြားကူညီကန့်ကွက်ကြသော ပုဂ္ဂိုလ်တို့ အားလည်း ကျွန်ုပ်တို့ များစွာကျေးဇူးတင်ထိုက်ပေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံဆုံးရပုံ

၁၉၁။ အင်္ဂလိပ်တို့သည် စစ်ပြု၍ မြန်မာနိုင်ငံကို သုံးကြိမ်လီ၍ သိမ်းယူ၏။ ပထမစစ်ပွဲမှာ အင်္ဂလိပ်မြန်မာ နှစ်ဖက်စလုံးကို ဘယ်ဘက် ကိုမျှ ပို၍အပြစ်မဆိုထိုက် ထင်ပါသည်။ စစ်ဖြစ်ရသည်မှာ နယ်ပယ် အတွက် စကားများရခြင်း၊ မြန်မာဘက်ကလူ အင်္ဂလိပ်ဘက်သို့ ပြေးသည် ကို အင်္ဂလိပ်က မိမိထုံးစံအရ မအပ်နိုင်ဆိုသည်။ မြန်မာက မိမိတို့ထုံးစံ အရ အပ်ရမည်ဆို၍ အတင်းဝင်ရောက်ဖမ်းသည်။ သူ့ထုံးစံနှင့်သူဖြစ်၍ အပြစ်မဆိုနိုင်။ ယောကျ်ားပီပီ စစ်လည်းပြိုင်၍တိုက်ကြသည်။ သို့ကြောင့် ကျွန်ုပ်တို့ရှုံး၍ နိုင်ငံသုံးပုံတစ်ပုံ ပေးလိုက်ရသည်မှာ ကမ္ဘာ့ထုံးစံအရ ကျွန်ုပ်တို့ခံရတော့မည်သာဟု ထင်မိ၏။ ပြေးဝင်လာသူတို့ကို မအပ် ပေးသည်မှာရှိစေ။ သို့သော် မြောက်ထိုးပင့်ကော် လုပ်ပေးခြင်းအတွက်ကို ကား အင်္ဂလိပ်တို့ကို အပြစ်တင်ချင်လျှင် တင်နိုင်သည်။

၁၉၂။ ဒုတိယစစ်ပွဲတွင်သော်ကား အင်္ဂလိပ်တို့ အတန်လွန် လာပြီ။ ပထမတောင်းဆိုချက် ညှဉ်းပန်းမှု၊ တောင်းပန်မှု၊ ကိုယ်စား လှယ်ထားမှုဟူ၍ ၃ ချက်ရှိရာ မြန်မာတို့က ကျေလည်အောင်စီမံပြီး စီမံဆဲရှိသည်။

၁၉၃။ ရှေးဦးစွာ အင်္ဂလိပ်တို့ တောင်းဆိုချက်အရ မြန်မာအစိုးရ က ပထမ ရန်ကုန်မြို့ဝန်ဦးအုပ်ကို နုတ်သိမ်းပေးပြီး မြို့ဝန်သစ်ဦးမှုန် ကို စေလွှတ်၊ အမှုအခင်းတို့ကို ပြေလည်အောင်စီမံရန် အမိန့်ပေးထား သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄။ စာပို့လာသူတို့ကို အတွေ့မခံ၊ အရှက်ရ၍ တောင်းပန်စေလိုသည်ဆိုရာမှာလည်း ပထမခေါက် ကပ္ပတိန်များ လတ္တာနှင့် တာလီတန် (Captains Latter & Tarleton)တို့လာစဉ်က ကောင်းစွာဧည့်ခံကြောင်း၊ တစ်စုံတစ်ရာ အနှောင့်အယှက်မတွေ့ရကြောင်း ၎င်းတို့ကိုယ်တိုင် ရေးသွားသော မှတ်တမ်းများ ရှိသည်။

၁၉၅။ စကားပြန်အက်ဒွပ် ပထမလာစဉ်ကလည်း ကောင်းစွာလက်ခံ၍ အင်္ဂလိပ်တို့၏သဘော် စသည်တို့သို့ အကူးအသန်းမရှိရဆိုသော ပထမအမိန့်ထုတ်ထားချက်ကို မြို့ဝန်က ချက်ချင်းရုပ်သိမ်းပေးသည်။

၁၉၆။ ထိုသည့်ပြင် အက်ဒွပ်တို့ဝင်လာသည်မှာ ဝင်ရန် အကြောင်းကြားထားနှင့်ခြင်း၊ ခွင့်တောင်းခြင်းမရှိသဖြင့် ၎င်းတို့ တစ်ခါဝင်လာစကလှေကားရင်းတွင် အစောင့်တစ်ယောက်က မိမိဝတ္တရားအတိုင်း ဓားမြှောင်ကိုထုတ်၍ ချိန်ရွယ်ကာ တားဆီးလေသည်။ မြို့ဝန်ရှေ့တော်သို့ရောက်ကြ၍ တိုင်ကြားသောအခါ ထိုဓားမြှောင်နှင့် ချိန်ရွယ်သော အစောင့်ကို မြို့ဝန်က ခေါ်ယူ၊ ၎င်းရှေ့တွင်ပင် ဆံပင်ကို ဆွဲ၍ ၃ ပတ်ဆွဲယမ်းလှည့်ပတ်ပြီး မြေသို့ ပစ်ချစေလိုက်သည်။ မြေသို့မှောက်လျက်ကျ၍ မျက်နှာစသည်ကို ထိခိုက်ပြီးနောက် ဆံပင်ဖြင့် ဆွဲချသွားစေသည်။

၁၉၇။ ၎င်းတို့ကို အတွေ့မခံ ပြန်ရသည်ဆိုသော အခေါက်မှာလည်း မြို့ဝန် အိပ်ပျော်နေ၍ဖြစ်သည်။ စောင့်ရသည်မှာလည်း ၁၅ မိနစ်မျှသာဖြစ်လေသည်။ ထိုအခါက ရုံးပိုင်၊ ဓားပိုင်၊ အရေးလုံးဝပိုင်သော အရေးပိုင်မင်းကြီး မြို့ဝန်ကြီးတစ်ယောက်ကို စကားပြန်စာရေးစသော အခိုင်းအစေ ပိုလ်ငယ်များက ၁၅ မိနစ် စောင့်နေရသည်ကို ညည်းညူကြသည်မှာ မြန်မာတို့ စွပ်စွဲသည့်အတိုင်း မူးယစ်နေကြသော်လည်း ဖြစ်ရာသည်။ သို့မဟုတ် မရှိမသေ မကျစ်လျစ် စော်ကားရန်ခြင်းသော်လည်း ဖြစ်ရာသည်။

www.burmeseclassic.com

www.burmeseclassic.com



မြို့ဝန်၏ ဝင်းထဲသို့ စော်စော်ကားကား မြင်းစီး၍ ဝင်ကြသည်မှာလည်း များစွာလွန်လေသည်။

၁၉၈။ မည်သို့ပင်ဖြစ်စေ ထိုကိစ္စတို့ကို ကျေနပ်အောင် မြို့ဝန် စီမံနေစဉ်အတွင်း ကိုမိုဒိုလန်ဘတ်တို့ လူစုသည် လူဆိုး ပရက္ခယတို့ သဘောနှင့် မြန်မာပိုင်သင်္ဘောကို တရားမဲ့ အတင်းလုယူသွားလေသည်။

၁၉၉။ လုယူသွားစဉ်ကလည်းကောင်း၊ မြန်မာရေဘက်ဆိုင်ရာ အရာရှိထံ အခွင့်မတောင်းဘဲ အင်္ဂလိပ်တို့ သင်္ဘော၊ သမ္ဗန်စသည် ဝင်ထွက်သောအခါလည်းကောင်း မြန်မာတို့က ပစ်ခတ်တားဆီးသည်ကို အင်္ဂလိပ်တို့က အနိုင်ကျင့်၍ ပြန်၍ ပစ်ခတ်သည်မှာ မြန်မာ ၃၀၀ မျှ သေဆုံး၍ ၃၀၀ မျှ ထိခိုက်နာကျင်ရှိရလေသည်။

၂၀၀။ နောက်ဆုံးတဖန် ညှဉ်းပန်းမှု၊ တောင်းပန်မှု၊ ကိုယ်စားလှယ်မှုဟူ၍ တောင်းရင်းအချက် ၃ ရပ်က ပိုမိုကဲလွန်လာပြီးလျှင် ချိခဲ့ရသည့် စစ်စရိတ်တစ်သန်းပေးရဦးမည်။ မြန်မာမြို့ဝန်က သူတို့ဆီကို လာရောက်၍ စကားပြောတောင်းပန်ရမည်ဟူ၍ နောက်ထပ်များစွာ ကဲလွန်လာလေရကား စစ်ဖြစ်ရလေတော့သည်။ သစ်ငုတ်ပင် ခလုတ်တိုက်အားကြီးက ထောင်ထရချေတော့သည်။

၂၀၁။ ကိုမိုဒိုလန်ဘတ်သည် မိမိ၏ အထက်အစိုးရ၏ မိန့်မှာချက်တို့ကို မနာမခံ လွန်ကျူး၍ မြန်မာတို့မခံနိုင်၊ စစ်ဖြစ်ရလေသည်။ ကိုမိုဒိုလန်ဘတ်ကို လွှတ်စဉ်က ၎င်း၏ ဘုရင်ခံချုပ်က စာ ၂ စောင် ပေးသည်။ တစ်စောင်မှာ ရန်ကုန်မြို့ဝန်ကို ပေးရန်၊ တစ်စောင်မှာ မြန်မာဘုရင်ကို ပေးဆက်ရန်။ ဤတွင် ပထမစာကို မြို့ဝန်သို့ ပေး၍ မြို့ဝန်က ကျေနပ်အောင် မပြုမှသာ ဒုတိယစာကို ဘုရင်သို့ ဆက်ရန်ဖြစ်သည်။ ကျေနပ်အောင်ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ နောက်ထပ်အမိန့်တစ်စုံတစ်ရာမရဘဲ မသင့်မတင့် ဖြစ်အောင် မပြုရ၊ ရန်မပြုရဟု အသေအချာမိန့်မှာလိုက်သည်။ ထိုအမိန့်စာ

www.burmeseclassic.com

www.burmeseclassic.com



အမှတ်အသား ယခုတိုင်ရှိသေး၏။ သို့လျက်နှင့် ကိုမိုဒိုလန်ဘတ်တို့သည် စော်ကားရန်စ မသင့်မတင့်အောင် ပြုမူလေသဖြင့် စစ်ဖြစ်ရလေတော့သည်။

၂၀၂။ ဤသို့အားဖြင့် ဒုတိယစစ်၌ အင်္ဂလိပ်တို့က အတန်ပင်လွန်လေသည်။

၂၀၃။ တတိယစစ်ပွဲတွင်ကား အင်္ဂလိပ်တို့က အများကြီးလွန်လေသည်။ စင်စစ်သော်ကား ဝံပုလွေနှင့် သိုးငယ်တို့ ချောင်းငယ်တစ်ခုတွင် ရေသောက်နေရာ ရန်စလိုသော ဝံပုလွေကဲ့သို့ ရှိလေသည်။

ရေစီးနေသော ချောင်းငယ်တစ်ခုတွင် ဝံပုလွေက အထက်ဘက်က ရေသောက်နေသည်။ သိုးငယ်တစ်ကောင်က အောက်ဘက်၊ အတန်ကွာတွင် ရေသောက်နေသည်။ ဝံပုလွေက သိုးငယ်ကို စားချင်၍ သည်အတိုင်း သတ်စားလျှင် မတရားဖြစ်မည်စိုးသည်နှင့်အကြောင်း ရန်စရှာလေသည်ကား-

ဝံပုလွေ "ဟေ့ သိုးငယ်၊ မောင်မင်းဟာ ငါရေသောက်နေတုန်းမှာ လာပြီးမွှေနှောက်သောက်လို့ ငါရေနောက်ကို သောက်နေရတယ်"

သိုးငယ် "ရေဟာ အထက်ဘက် အရှင့်ဆီက အောက်ဘက် ကျွန်တော့်ဆီကို စီးနေတာဖြစ်လို့ ကျွန်တော့်ကြောင့် အရှင့်ရေ မနောက်နိုင်ပါ"

ဝံပုလွေ "ဒါဖြင့် မောင်မင်း၊ မနှစ်က ငါ့ကို ဆဲတယ်လို့ ကြားတယ်"

သိုးငယ် "ကျွန်တော်ဟာ မနှစ်က မမွေးသေးပါ။ ယခုမှ ၃ လ သား ရှိပါသေးတယ်"

ဝံပုလွေ "ဒါဖြင့် ဆဲတာဟာ နင်မဟုတ်ရင် နင့်အဖေဖြစ်မှာပဲ။ ဘာပဲဖြစ်ဖြစ်၊ နင်တို့တွေဟာ အတူတူပဲ" ဆို၍ သိုးငယ်ကို သတ်ဖြတ်ကိုက်စားလိုက်လေ၏ ဟူသတတ်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၄။ အင်္ဂလိပ်တို့သည် မိမိတို့အကျိုးသက်သက်ကိုသာ ကြည့်၍ ပြင်သစ်များ လွှမ်းမိုးလာမှု၊ သစ်၊ ရေနံ၊ ကျောက်တို့ကို ရလိုမှုတို့အတွက် ဘုံဘိုင်ဘားမားသစ်မှုကို ရမယ်ရှာ၍ စစ်ပြုလေသည်။ စင်စစ်ကား အလွန်အနည်းငယ်မျှသာ စစ်တိုက်ရသည်။ ဥာဏ်ကိုသုံး၍ မြန်မာဘုရင်ကို အလွယ်နှင့် ယူသွားခြင်းဖြစ်သည်။

၂၀၅။ ထိုစစ်ပွဲတို့နောက် သစ်တော၊ ရေနံတွင်း၊ ကျောက်တွင်း၊ သတ္တုတွင်းတို့နှင့်တကွ မြန်မာတစ်နိုင်ငံလုံး၊ ၎င်းအပြင် ငမောက်စသော အဖိုးမဖြတ်နိုင်သော (မလွဲသာ၍ဖြတ်ဆိုရလျှင်) အနည်းဆုံး ကုဋေတစ်သောင်းကျော် အဖိုးထိုက်သော ပစ္စည်းဘဏ္ဍာတို့ကိုပါ အင်္ဂလိပ်တို့ ရလေတော့သည်။

၂၀၆။ ကင်းဝန်မင်းကြီးနှင့် ပတ်သက်၍ကား စေတနာရင်း မဆိုးပါ။ သို့ရာတွင် မိမိ၏ အကြံအစည်တို့သည် အကြောင်းအမျိုးမျိုးကြောင့် မလည်မပတ်ဖြစ်ပြီး မိမိအပေါ်တွင် အပြစ်ဖို့လျက် ကျန်ရစ်ရခြင်းဖြစ်လေသည်။

*

www.burmeseclassic.com

www.burmeseclassic.com

## သီပေါဘုရင်

၂၀၇။ မြန်မာရာဇဝင်တွင် သီပေါဘုရင်သည် ကံအဆိုးဆုံးမင်း တစ်ပါး ဖြစ်လေသည်။

၂၀၈။ သီပေါမင်းမှာ မင်းတုန်းမင်းကြီး၏ မိဖုရားတစ်ပါးဖြစ်သော လောင်းရှည်မိဖုရား၏သားတော်ဖြစ်သည်။ လောင်းရှည် မိဖုရားမှာ ရှမ်းဗိုလ်မှူး မင်းသားကြီး၏ သမီးတော် ဖြစ်သည်။ သီပေါမင်းငယ်မှာ ရှေးဦးစွာ မထင်မရှားသော မင်းသားငယ်တစ်ပါးမျှသာ ဖြစ်လေသည်။

### သီပေါမင်းသား အညှဉ်းခံရပုံ

၂၀၉။ ငယ်စဉ်ကတည်းက သူတစ်ပါး၏ အညှဉ်းကို ခံရရှာ၏။ လူဆရာထံတွင် တပယ်မင်းသား၏သား မောင်မျောက်ဖြူဆိုသူနှင့် စာသင်ဖက်ဖြစ်သည်။ သီပေါမင်းသားက ဉာဏ်ကောင်း၊ ဝီရိယကောင်း၍ စာရသည်။ မောင်မျောက်ဖြူက စာမရ။ သို့ကြောင့် မောင်မျောက်ဖြူသည် ဆရာ၏အရိုက်ကို ခံရသည်။ သီပေါ စာရ၍သာ ငါအရိုက်ခံရသည်ဟု ကွယ်ရာတွင် မောင်မျောက်ဖြူက သီပေါမင်းသားကို ထိုးကြိတ် ကန်ကျောက်ညှဉ်းဆဲလေသည်။ နောင်အခါသော် သီပေါမင်းသားက အညှဉ်းမခံလို၍ စာမကျက်ဘဲ နေရလေသည်။ သို့မဟုတ် စာမရဟန် ဆောင်ရလေသည်။ ထိုအခါမှ သီပေါမင်းသားသည် တောင်တော် ဆရာတော်ကျောင်းသို့၊ မောင်မျောက်ဖြူသည် ဝဇီရာ ရာမကျောင်းသို့ အသီးသီးရောက်သွားကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပထမပြန်ခြင်း

၂၁၀။ ဤသို့ ဆရာတော်ကျောင်းမှာပင် နေရပြန်သဖြင့် ပိဋကတ်စာပေကို အထူးကြိုးစားတတ်မြောက်၊ ပထမပြန်အဖြစ်ဖြင့် အလွန်ထင်ပေါ်ကျော်စောလာလေသည်။

၂၁၁။ ထိုပထမပြန်အဖြစ်သည် လည်းကောင်း၊ အလယ် နန်းမတော် မိဖုရား ဆင်ဖြူမရှင်၏ ရည်ရွယ်ချက်သည်လည်းကောင်း၊ ကင်းဝန်မင်းကြီး၏ ရည်ရွယ်ချက်သည်လည်းကောင်း ထိုသီပေါမင်းသားငယ် နန်းရခြင်းကို ဖြစ်စေလေသည်။

## စိတ်မချမ်းမသာသော ဘုရင်

၂၁၂။ ဘုရင်ဖြစ်ရပါလည်း အပင်းလှိုရသည်ဆိုသကဲ့သို့ မင်း၏ ချမ်းသာကို ကောင်းစွာ မခံစားနိုင်ရှာ။ နန်းတက်စက မင်းသား၊ မင်းမြေး, လေးဆယ်ကျော်တို့၏ သွေးရောင်ရဲရဲသည် အမြဲစိတ်ကို ဆင်းရဲစေ၏။

၂၁၃။ မိမိမှာ အသက်ကလည်းငယ်၍ ပိဋကတ်စာပေတို့၌သာ ပိုမိုကျွမ်းကျင်ပြီးလျှင် စိတ်သဘောလည်း နူးညံ့သူဖြစ်လေရကား သူတစ်ပါး၏ စီမံလှည့်ပတ်ရာကို ခံရရှာလေသည်။

၂၁၄။ သီပေါဘုရင် နန်းတက်သောအခါ အရှင် ၂ ပါးမှာ အသက်အရွယ် လူမမယ်မျှသာ ဖြစ်ကြကုန်သည်။ နန်းကျသောအခါမှာလည်း ၂၇ နှစ်မျှသာရှိကြသေးသည်။ သို့ကြောင့် မင်းသား၊ မင်းမြေးတို့ အသတ်ခံရခြင်း၊ အုပ်ချုပ်ရေး ညံ့ဖျင်းခြင်း၊ နောက်ဆုံး သူ့လက်သို့ပါ၍ နိုင်ငံပါ ဆုံးရခြင်းတို့အတွက် ထိုငယ်ရွယ်သူ အရှင် ၂ ပါးကို အပြစ်မတင်ထိုက်တော့ချေ။

၂၁၅။ တဖန် အကြီးအချုပ်ပြုလုပ်သူတို့မှာလည်း ထိုခေတ်ကာလအလျောက် အခြေအနေအဖြစ်အပျက်တို့ကို ထောက်၍ စီမံကြရကုန်သဖြင့် ၎င်းတို့ကိုလည်း လုံးလုံးအဆိုးမဆိုနိုင်။ ထိုအခါက တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



မင်းဖြစ်လျှင် ကျန်မင်းဖြစ်ခွင့်ရှိသော ဆွေသားမျိုးသားတို့ကို သုတ်သင်ဖယ်ရှားပစ်ရသော ထုံးစံသည် မြန်မာပြည်တွင် တည်ရှိနေသေးသည်မှာ ရာဇဝင်ရိုင်းလှ၏။ အထူးကား သားချင်းတစ်ဦး ကောင်းစားသည်ကို အခြားသားချင်းတို့က ဝိုင်း၍ဝမ်းမြောက်ရမည့်အစား ရန်သူ ဖြစ်သွားရခြင်းအဖြစ်ကို အထူးဝမ်းနည်းဖွယ် ကောင်းလှ၏။

၂၁၆။ ဤသို့ သီပေါဘုရင်သည် ချောချောမွေ့မွေ့ ချမ်းချမ်းမြေ့မြေ့မရှိလှဘဲ နန်းစံလာခဲ့ရာ ၇ နှစ်အကြာတွင် ဘုမသိ ဘမသိနှင့် ရန်သူ့လက်သို့ ပါရလေသည်။

၂၁၇။ ပထမ စာချုပ်ရုံပါ၊ နောက် ဥယျာဉ်သို့ဆင်းပါ၊ နောက် သဘော်သို့ဆင်းပါ၊ နောက် မဒရပ်၊ နောက် ဘုံဘိုင်ရတနာဂီရိသို့ ရောက်လေတော့၏။ ပြန်ပို့လိမ့်မည်ဟု ထင်နေရှာတော်မူသေးသည်။ နောက်မှ အဖြစ်မှန်ကို သိရတော့သည်။

အင်္ဂလိပ်တို့သည် စာချုပ်ရုံချုပ်ပြီး ပြန်ကြမည်ဟု ထင်စရာအကြောင်းကား အင်္ဂလိပ်များ ဆန်တက်လာ၍ အင်းဝနယ် ရွာသစ်ကြီးအနီး ရွှေပေါက်ပင်စခန်း ရေလယ်သင်္ဘောမှ အင်္ဂလိပ်စစ်ဗိုလ်ကြီးဂျင်နရယ် ပရင်ဒါဂတ်စ်တ်(General Prendergast)ပေးသော စာတွင် မဟာမိတ် စာချုပ်အသစ် ထပ်မံချုပ်ရန် ပါလေသည်။ ထိုစာလက်ခံမှာ ပုဂံဦးတင်ရေးသော မြန်မာရာဇဝင်ကျမ်းမှာပါသည်။

၎င်းအပြင် အင်္ဂလိပ်များ ဆန်တက်လာသောအခါက သီပေါဘုရင်သည် ရွှေဘိုသို့ထွက်ခွာသွားမည်ကြံရာ၌ ကင်းဝန်မင်းကြီးက "အင်္ဂလိပ်များက လာပြီး မိမိတို့ အလိုရှိရာ တောင်းဆိုစာချုပ်၍ ပြန်မည်အမှန်ဖြစ်ပါသည်။ ထွက်တော်မမူပါနှင့်"ဟု လျှောက်၍ တားထားလေသည်။

ထိုမှတစ်ပါးလည်း အင်္ဂလိပ်တို့ ရောက်လာ၍ ကာနယ်စလေဒင်သည် သီပေါမင်းအား "စိုးရိမ်ကြောင့်ကြဖြစ်တော်မမူပါနှင့်ဘုရား၊

www.burmeseclassic.com



ကျွန်တော်မျိုးများသည် အလိုရှိရာတောင်းဆို စာချုပ်၍ ပြန်ပါမည်”ဟု ထပ်မံလျှောက်သေးသည်။

သို့ကြောင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို မသိမ်းဘဲ မဟာမိတ်စာချုပ်အသစ်ထပ်မံချုပ်ပြီး ပြန်သွားကြလိမ့်မည်ဟု သီပေါဘုရင်နှင့် အချို့မှူးမတ်တို့ ထင်မှတ်နေကြသည်မှာ အံ့သြစရာမဟုတ်ချေ။

၂၁၈။ အင်္ဂလိပ်တို့ တက်လာစက သီပေါဘုရင်သည် ရွှေဘိုဘက်သို့ထွက်၍ ရှောင်နေမည်ကြံရာမှာလည်း ကင်းဝန်မင်းကြီးနှင့် အလယ်နန်းမတော် မိဖုရားကြီးဆင်ဖြူမရှင်တို့က ဖျက်၍ ပျက်ရသည်။

၂၁၉။ ၎င်းနောက် မန္တလေးရှိ ပြင်သစ်ကိုယ်စားလှယ်က အင်္ဂလိပ်များနန်းကို မသိမ်းနိုင်အောင် ဒေါင်းအလံနှင့် ပြင်သစ်အလံတွဲ၍နန်းတော်မှာ တင်တော်မူပါ။ သို့မဟုတ် ကျွန်ုပ်တို့ ပြင်သစ်ဝင်းထဲသို့ ထွက်၍ နေတော်မူပါဟု လျှောက်သောအခါလည်း သီပေါဘုရင် မလိုက်နာတော်မူခဲ့ချေ။

၂၂၀။ ရတနာဂီရိဌ် စံတော်မူစဉ် တစ်ညဌ် အင်္ဂလိပ်နှင့် ဂုဏ်ရည်တူ အခြားနိုင်ငံကြီး ၂ နိုင်ငံမှ စစ်သင်္ဘောများနှင့် စစ်ဗိုလ်ကြီးများလာရောက်ကာ မိမိတို့နိုင်ငံသို့ လိုက်တော်မူပါ။ မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရတို့လက်မှ တိုက်ခိုက် သိမ်းယူပေးပါမည်ဟု လျှောက်ကြလေသည်။ ထိုအခါ သီပေါဘုရင်က မိမိအတွက် သူတစ်ပါးကို ဒုက္ခမဖြစ်စေလို။ ယခုလည်း မြန်မာနိုင်ငံအတွက် အင်္ဂလိပ်အစိုးရတို့ စာချုပ်ရန် စီစဉ်နေသည်ထင်ကြောင်းနှင့် မိန့်ဆို၍ ၎င်းတို့၏ အကူအညီကို ငြင်းပယ်တော်မူလိုက်လေသည်။ ထိုအခါ စစ်ဗိုလ်ကြီးများက မြန်မာဘုရင် ရိုးလွန်းလှသည်ဟု ဆိုမည်၍ ဝမ်းနည်းကြေကွဲစွာဖြင့် ပြန်ကြရသောဟူ၏။

၂၂၁။ ဤသို့လျှင် မွေးကတည်းက ပထမသုံးကြိမ်ပြန်နိုင်ခြင်းနှင့် ဘုရင်ဖြစ်ရသည်ဆိုခြင်းတို့မှတစ်ပါး ငြိုငြင်စွာလာခဲ့ရသော ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်တော်ကို သက်တော် ၅၈ နှစ်ကျော် ၅၉ နှစ်ခန့်တွင် မကြည့်ရက်သော ရှင်သေမင်းက သိမ်းချုပ်ရပ်စဲလိုက်လေတော့သည်။

၂၂၂။ ယခုသော် ငြိမ်းလေပြီ။ အကယ်ပင် ငြိမ်းပါလေစ့်။ သြော် မငြိမ်းသေးချေ။ အကြောင်းသော်တစ်မူကား ဘဝချုပ်ပြီးနောက်မှလည်း ဘယ်ဝင့်ကြွေးဟု မသိရ၊ ခံတော်မူရရှာလျက်ပင် ရှိသေးသည်။

၂၂၃။ နတ်ရွာစံရသည်မှာ တခြားတစ်နိုင်ငံတွင် အကျဉ်းသားအဖြစ်ဖြင့် နတ်ရွာစံရသည်။ ပို၍ နာကြည်းဖွယ်ကား အလောင်းတော်ကို သရဏဂုံမှ မတင်ရရှာလေ။

## သံဝေဂတရားရဖွယ်

BURMESE CLASSIC .com

၂၂၄။ ပြီးသည်ကို ပြီးပါစေတော့။ ကျွန်ုပ်တို့နိုင်ငံ ဆုံးရှုံးရသည်မှာလည်း တရားကို နက်နက်ရှုသော် ဘယ်သူမပြု မိမိမှုဆိုသကဲ့သို့ သူတစ်ပါးကို အပြစ်မဆိုဘဲ ကိုယ့်ဝန် ကိုယ့်တာဟုသာ မှတ်ကြရာသည်။

၂၂၅။ ကုန်းဘောင် ၁၁ ဆက်တွင် ၆ ဆက် ဘိုးတော်ဘုရားနောက် မြန်မာတို့ ရွှေ့လျောလာလေပြီ။ အများအားဖြင့် တရားပျက်ကွက်၊ ပြည်ရွာမစည်ကား၊ လှုပ်ရှားထကြွ၊ လူအများသေကျေပျက်စီး စသည်ဖြင့် ဖြစ်ပျက်လာခဲ့ရာ ၁၁ ဆက် သီပေါဘုရင် လက်ထက်၌ ကြွေလတ္တံ့သော သစ်သီးမှည့်ကဲ့သို့ ရှိလေပြီ။ တစ်နည်းနည်းဖြင့် မြန်မာနိုင်ငံပျက်တော့မည်။ အင်္ဂလိပ်က မယူလျှင်လည်း ပြင်သစ်က ယူတော့မည်။ ပြင်သစ်က မယူလျှင်လည်း ယူသူတစ်ဦးဦး ပေါ်လာတော့မည်။ အနေးနှင့်အမြန် မြန်မာနိုင်ငံပျက်မည်ကား မုချသာတည်း။

၂၂၆။ မြန်မာရှုံးခဲ့ပြီ၊ အင်္ဂလိပ် အောင်ခဲ့ပြီ။ လောက၌ ဖြစ်တတ်သော သဘောကို ဆင်ခြင်၍ နောက်ထပ်တစ်ဦးနှင့်တစ်ဦး မုန်းထားစိတ်များ မဖြစ်ပွားရန် သတိပြုကြရာသည်။ ။ အထူးသဖြင့် အင်္ဂလိပ်တို့က မြန်မာဘုရင်နှင့်မြန်မာတို့ မခံသာသော အကျိုးမဲ့စကားတို့ကို မပြောမဆို မရေးသားမိကြရန် ကြီးစွာသတိပြုကြရာသည်။

www.burmeseclassic.com

www.burmeseclassic.com



၂၂၇။ အကယ်၍ အင်္ဂလိပ်များသည် မြန်မာတို့အား စိတ်ကောင်း စေတနာကောင်းထားကြပါလျှင် မြန်မာတို့၏ လွတ်လပ်ရေး၊ ကြီးပွား ရေး၊ ချမ်းသာရေးတို့ကို ထင်ရှားအောင် ပြုစုစီမံဆောင်ရွက်ကြရာသည်။ ကျွန်ုပ်တို့ကလည်း ဖြစ်တုံပျက်တုံ နိမ့်တုံမြင့်တုံ လောကဓံ တရားကို အရင်းထား၍ အများချမ်းသာကို ဆောင်ရွက်ကြရာသည်။

၂၂၈။ သို့ကြောင့်မဟုတ်လော၊ သီပေါဘုရင် ပါရခြင်း၌ "မာလော နှယ်" မှူးမတ်တို့ကြောင့်ဟု အလွန်နာကြည်းဖွယ်ရေးသော ဆီးဘန်နီ ဆရာတော်ကလည်း မိမိ၏ ရတုအဆုံးတွင်

"ဖြစ်ကပျက်မြဲ၊ မလွဲစသာ၊ ကြုံကြလာသား၊ သံသရာ သဘော၊ တွေ့ရသြောဟု၊ စိတ်ဇောသိမ်မွေ့၊ တထေ့ထေ့ဖြင့်၊ စေ့စေ့မှတ်သား၊ ထပ်ထပ်ပွား၍၊ တရားသံဝေ၊ ယူကြလေ" ဟူ၍လည်းကောင်း။

BURMESE CLASSIC .com

၂၂၉။ အထက်ပါ ရတုကို ပြန်ဖြေသော ကင်းဝန်မင်းကြီး ရေး သည်ဆိုသော လေးချိုး၌ (အချို့က မဟာဒဏ်ဝန် ဦးမှုံရေးသည်ဟု ဆိုသည်)

"သင်္ခါရဖြစ်ပုံကို စိတ်အာရုံထင်မနော့မှာ၊ စောတော့ ဉာဏ်ရှိ" ဟူ၍ လည်းကောင်း။

၂၃၀။ ကြားဖြန်၍ ရေးသော စာဆိုတော် ဦးမောင်ကလေးကလည်း မိမိ၏လေးချိုး၌

"စက်သံသာဝယ်၊ မျက်နှာရှေ့ရှု၊ ဝေ့သသူတို့၊ မြူအဏု တိုင်၊ ဘယ်တည်ကြည်နိုင်ပါ့မယ်၊ မခိုင်ခြင်းရာ၊ မငြင်းသာဘူ။ ဗြဟ္မာကျွမ်းဆောက်၊ လူ့ကျွန်းသို့ ရောက်တော့သပ၊ တောက်မစဲ သံ၊ ဒေါသငယ်ခြံ၊ ကံအရင်းပေ၊ ဉာဏ်တင်းခါဖြေရမည်။ မြန်မြေလုံး လူဗိုလ်မှာ၊ တရားကိုယ် ထင်အလင်းငယ်နှင့်၊ ရှင်းတော့နော်နော့" ဟူ၍လည်းကောင်း။

www.burmeseclassic.com

www.burmeseclassic.com



၂၃၁။ ညောင်ပင်သာ ဦးပုညကလည်း မိမိ၏လက်ာ၌

"အတ္တနော ကမ္မေဝ အာဂမိဿတိ၊ မိမိကံသာ၊ ဖန်ဆင်းရာသည်။ ပဋ္ဌာနရင်း၊ မှန်စင်းစင်းတည့် . . . ပမာနိူင်းယှူ၊ ယခုမူလည်း၊ မည်သူကိုမှ၊ ပြစ်မချသင့်၊ ငါးဝကမ္ဘာ၊ ကပ်များစွာတွင်၊ ဘယ်ရွာ ဘယ်ပြည်၊ ဘယ်သည် ဘယ်တိုင်း၊ စံနိူင်းဖွေနည်း၊ ဖြစ်ပျက်သည်ကို၊ ကြံစည်မရ၊ ပျက်ကုန်ကြ၏။ မြန်မာ့ပြည်သာ၊ မဟူပါတည့်။ သခါရမင်း၊ သူ့လက်တွင်းက၊ မကင်းသမျှ၊ အနိစ္စဟု၊ မုချမှတ်ပါ၊ ဖွင့်ပြမှာသည်။ နောင်လာသိဖို့ နိဒါန်းတည်း" ဟူ၍ လည်းကောင်း။

၂၃၂။ ယခုသက်တော်ထင်ရှားရှိတော်မူသော သာသနာပိုင်တောင်ခွင်မဟာသံဃရာဇာ သာသနာပြု ဆရာတော်ဘုရားဆို "လုဒ္ဒနပလုဒ္ဒန တေနလောကော" ချီ မန္တလေးပျက်တမ်းချင်းကြီး၌

"ရှေးကံပုဗ္ဗ၊ ကုန်ချိန်ကျ၍၊ ကမ္ဘသကာ၊ ဒေသနာနှင့်၊ ဆံလွှာမခွ၊ ညီမောလှလျက်၊ သူ့ဇာတက၊ တေဇမဖြိုး၊ စန်းလင် ညှိုး၍၊ ထီးကျိုး စည်ပေါက်၊ ပျက်ကိန်းရောက်သည်။ မှတ်လောက်အတိတ်လာတည့်လေ။ ။မြန်တိုင်း တောင်သေလာတည့်လေး"ဟူ၍လည်းကောင်း။

မိန့်ဆိုဖော်ပြ၊ဆုံးမတော်မူကြသည့်အတိုင်း ကျွန်ုပ်တို့သည် တရားသဖြင့် ဖြေပြီးနောက်။

၂၃၃။ မြန်မာနိုင်ငံ ဆုံးရခြင်းသည်လည်းကောင်း၊ ကွယ်လွန်ပြီး မင်းတို့နှင့်တကွ မြန်မာတိုင်းရင်းသားတို့ပါ မကြာမကြာ စော်ကားရန်စ၊ မထိမဲ့မြင် ပြုခြင်းကို ခံရခြင်းသည်လည်းကောင်း ကျွန်ုပ်တို့'ဖျင်းညံ့ တန်ခိုး အဆိပ်မရှိလေသောကြောင့် ဖြစ်ရသည်။ ဤနည်းအတိုင်း အိပ်မောကျ၍နေကြလျှင် ထို့ထက်ကျွန်ုပ်တို့ လျှော့ကျ၍ အမျိုးပါ ပျောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



မည် စင်းစင်းတည်း။ သို့ကြောင့်ရကား ကျားကျားမမ ကြီးကြီးငယ်ငယ် ရှင်ရှင်လူလူတို့သည် သတိတရားကြီးစွာဖြင့် မိမိတို့တိုင်းပြည် တိုးတက်ကြီးပွား ချမ်းသာရေးကို မဆုတ်မနစ်သော လုံ့လဝီရိယဖြင့် စိမ့် ဆောင်ရွက်ကြကုန်ရာသတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

# လေးချိုးကြီး

ဗျာဒုန်သာ ပွားတော့တယ်၊ သည်းခြား တုန်ရိုက်မျှ၊ ခုန်လှိုက်ဆူ။ သမ္မတနှုန်းဆောင်၊ ရွှေဘုန်းငယ်ပြောင်၊ ကုန်းဘောင်ဆယ့်တစ်။ ကေရာသနင်း၊ တေဇာလင်း၊ မင်းမင်းစစ်ငယ်။ ဖြစ်ရပလေ။ ညစ်စွခေ၊ ထွေထွေရာရာ၊ ဖွေဖွေရှာလို့၊ သေရာမှာ၊ ခြေလာလို့ ဆောင့်သည့်နှယ်၊ ဖြေမသာ ပွေလာမှောင့်လေခြင်း၊ စိုးနှောင့်သည်းအူ။

ပျို့မြစ်ကဲ့နုနယ်၊ မင်းနှစ်သွယ်မှာ၊ ငြင်းဖယ်မပြု၊ ရန်မခုနိုင်၊ တမပြိုင်နှင့်၊ ကိုယ်ပိုင်ပေးအပ်၊ ဝေးရပ်မြေတာ၊ စံရရာက၊ ဒေဝါနတ်ပြည်၊ ကြွယွန်းလည်ပြီးမှ၊ မကြည်တဲ့မှုကြမ္မာ၊ သူ့ဇာတာညို့မစင်လို့၊ တို့ဘုရင် ပြိုင်မပြုလျက်ကယ်နှင့်၊ နိုင်သသူ တမင်ပြုရော့ထင့်၊ ရင်ထုမနာ ရှိလေရဲ့။ သာကိမြတ်စံတဆူ၊ ခံယူ ခံကောင့် ခံလေတော့။

သံသရာဝယ်၊ ရုံခါကြုံတွေ့၊ ဘုံဓလေ့ဟု၊ စုံစေ့စုံလင်၊ မှုအကြောင်း၊ ရုပေါင်းတင်လို့၊ ထင်ထင်ပြက်ပြက်၊ ဖြစ်အပျက်ကို၊ စစ်တွက်မမှား၊ တရားကျကျ၊ ကြောင့်ကြကြဖြင့်၊ ရှုကြကုန်ကြ။ ဦးမသုန်မှ၊ မြူးခုန် ချမ်းမြေ့၊ စိတ်မှာမွေ့လို့၊ ထေ့ထေ့အဲခိုး၊ အားထုတ်ကြိုးတဲ့၊ အကျိုး ရသာ၊ ခံရာမလစ်၊ ဣဋ္ဌာစစ်မို့၊ ဖြစ်တတ်တဲ့ မှန်အစဉ်က၊ သမ္မဇဉ် ဉာဏ်ယှဉ်နှော၍ငယ်၊ စောပေါ်နော်နော့။

ဖိုးကျား

၁၂၉၇ ခု၊ တပို့တွဲလ

www.burmeseclassic.com

www.burmeseclassic.com

# ကိုးကားသောကျမ်းများ

၁။ ကုန်းဘောင်ရာဇဝင်တော်ကြီး
၂။ ဂီရိရတနာ ဆောင်းပါးမဟာ (သီပေါမင်း၏ အပါးတော်မြဲ ဦးစံရွှေ)
၃။ စတုတ္ထသမီးတော်၏ အရေးတော်ပုံ (သီပေါမင်း၏ သမီးတော် အသျှင်ထိပ်စုမြတ်ဖုရားကလေး)
၄။ စတုတ္ထသမီးတော်၊ တတိယသမီးတော်၊ ဦးစံရွှေ၊ "မြန်အောင် အလင်းတို့" ရေးသားချက် သတင်းစာဆောင်းပါးများ
၅။ ကဗျာဗန္ဓသာရ (ပုဂံဦးတင်)
၆။ ကဗျာ့ကြေးမုံ၊ ပိဋကတ်ကြေးမုံ
၇။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း (ပုဂံဦးတင်)
၈။ မြန်မာရာဇဝင်အတိုချုပ် (မစ္စတာကောက်စ်)
A Short History of Burma (S. W. Cocks)
၉။ မြန်မာရာဇဝင် (မစ္စတာဟာဗီ)။
History of Burma (G. E. Harvey)
၁၀။ "လက်ခါးလေဒီ" (အက်ဖ်တင်နင်ဆင် ဂျက်စ်)
"The Lacquer Lady" (F. Tennyson Jess)
၁၁။ အင်္ဂလိပ်လက်ထက်မြန်မာနိုင်ငံ (မစ္စတာကောက်စ်)
Burma Under British Rule (S. W. Cocks)

www.burmeseclassic.com

www.burmeseclassic.com



၁၂။ အင်္ဂလိပ်ရာဇဝင် (မစ္စတာကေပိမိတရာ)
English History (K. P. Mitra)

၁၃။ အင်္ဂလိပ်ရာဇဝင် (မစ္စတာ အက်စ်အာရ်ဂါဒင်နား)
English History (S. R. Gardiner)

၁၄။ အထက်မြန်မာနိုင်ငံ (ဂေဇက်) မှတ်တမ်း
Gazetteer of Upper Burma.

၁၅။ လော့ဒ်ရန်ဒေါ်လ်ဖ်ချာချိလ် (ဝင်စတန်ချာချိလ်)
"Lord Randolf Churchill" (Winston Churchill)

၁၆။ "အင်္ဂလန်ပြည်၏ မိတ်ဆွေများ" (အွန်နာရေဘယ် ဂျော့ပီးလ်)
"The Friends of England" (The Hon. George Peel)

၁၇။ ပါလီမန်လွှတ်တော်မှတ်တမ်းများ (၁၈၅၃)
Paliamentary Papers 1853.

**အောက်ပါပုဂ္ဂိုလ်တို့၏ မိန့်ဆိုပြောကြားချက်များ**

၁၈။ ရွှေဘိုမြို့အဝေးရောက်မင်း ဦးအောင်ကြီး

၁၉။ စစ်ကိုင်းနယ်၊ တံတားဦးမြို့ပိုင်၊ နွားကျော်ထရွာ၊ ပဲ့နင်းကြီး ဦးဘ

၂၀။ ပုဂံဝန်ထောက်မင်း ဦးတင်(ကွယ်လွန်သူ)

၂၁။ ရန်ကုန်မြို့၊ ၅၂ လမ်း၊ စက်ပိုင် တန်ဆောင်းဒါယကာ ဦးဘိုးခ

၂၂။ မင်းတုန်းမင်းတရားကြီး၏ သမီးတော်တစ်ပါး (အပိုဒ် ၁၅၆ အတွက်)

၂၃။ ညောင်ရမ်းမင်းသား၏ သမီးတော်ကြီး ညောင်ရမ်းထိပ်တင်မကြီး

၂၄။ ညောင်အုပ်မင်းသား၏ ကိုယ်လုပ်တော် ညောင်အုပ်မင်းမကြီး ခင်မြကြီး

www.burmeseclassic.com

www.burmeseclassic.com



၂၅။ ညောင်အုပ်မင်းသား၏ သမီးတော်ညောင်အုပ်ထိပ်တင်တုတ်
(အပိုဒ် ၁၇၅၊ မှတ်ချက် ၂(က) အတွက်)

၂၆။ ဖခင်ဘက်မှာ တိုင်တားမင်းကြီး၏ မြစ်တော်၊ မိခင်ဘက်မှ မင်းတုန်းမင်းတရားကြီး၏ မြောက်နန်းမတော် မိဖုရားကြီး၏ မြစ်တော်၊ ခင်ခင်လတ်
(ယခု ရန်ကုန်မြို့၊ ဆရာဝန် ဦးသိမ်းမောင်၏ဇနီး)

၂၇။ နန်းတွင်းအပျိုတော်ကြီးတစ်ဦး

## အကူအညီပေးသူများ

၂၈။ ရန်ကုန်မြို့၊ အမျိုးသားပညာဝန် ဦးစိုးဝင်း

၂၉။ ၎င်း၊ ဘီအေ ဦးနု

၃၀။ ၎င်း၊ (ဒေါက်တာဘွဲ့ရ) ဝတ်လုံတော်ရ ဦးဘဟန်

၃၁။ ၎င်း၊ ဝတ်လုံတော်ရ ဦးစိုးညွန့်

၃၂။ ၎င်း၊ ဝတ်လုံတော်ရ ဦးအေး

အထက်ပါ ကျမ်းစာများနှင့် ပုဂ္ဂိုလ်အားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း ကောင်းစွာ ဖော်ပြလိုက်ရပါသတည်း။

မောင်ဖိုးကျား
၁၂၉၇ ခု၊ တပို့တွဲလ

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၁ ခုနှစ်အတွင်းထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | | |
|---|---|---|
| ၁၂၅။ | သာမဏေကျော် | မဟာဂန္ဓာရုံဆရာတော်၏ လူ့ဝတ်ကြောင်တို့အတွက် နံနက်ခင်းဩဝါဒများ |
| ၁၂၆။ | ဒေါက်တာမတင်ဝင်း | လက်ဆင့်ကမ်းရတနာ |
| ၁၂၇။ | သာမဏေကျော် | ဘုရားနဲ့စပ် အထူးမှတ်ဖွယ် |
| ၁၂၈။ | ဒေါက်တာမတင်ဝင်း | ပုလဲတစ်လုံး ရွဲတစ်လုံး |
| ၁၂၉။ | ချစ်နိုင်(စိတ်ပညာ) | အနာဂတ်ကိုပိုင်စိုးသူများ |
| ၁၃၀။ | သုခ | ဓမ္မကထာ စာပဒေသာ |
| ၁၃၁။ | သာမဏေကျော် | သို့သော် |
| ၁၃၂။ | ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓဘာသာနှင့် မြန်မာ့ယဉ်ကျေးမှု |
| ၁၃၃။ | မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ(၂) |
| ၁၃၄။ | တက္ကသိုလ်သျှင်သိရိ | ကံဇာတ်လမ်း ဉာဏ်ဖြတ်သန်း ချမ်းသာရွှေပြည်နန်း |
| ၁၃၅။ | Ma Sandar | Upstream and other stories |
| ၁၃၆။ | ဦးသော်ဇင် | ဓမ္မပဒ |
| ၁၃၇။ | သာမဏေကျော် | ပြောချင်တာလေးတွေ |
| ၁၃၈။ | သာမဏေကျော် | တွေးမိတာလေးတွေ |
| ၁၃၉။ | ဒေါက်တာမတင်ဝင်း | ထက်မြက်ထူးချွန်သူတို့၏ နှုတ်ထွက်စကားများ |
| ၁၄၀။ | သုခ | သဗ္ဗေသတ္တာ |
| ၁၄၁။ | မန်းတကာကိုတင်မြင့် | ဘာသာသွေးနွေးပါစေ |
| ၁၄၂။ | ထက်ခေါင် | တု တူ တူး |
| ၁၄၃။ | မစန္ဒာ | နက်ဖြန်ခါ |
| ၁၄၄။ | မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| ၁၄၅။ | Rawe Htun | The Modern Buddhist Nun |
| ၁၄၆။ | ဦးဖိုးကျား | သီပေါမင်းပါတော်မူအရေးတော်ပုံ |

www.burmeseclassic.com

www.burmeseclassic.com

## ဆက်လက်ထုတ်ဝေမည့် ပါရမီစာအုပ်များ

| | |
|---|---|
| သာမဏေကျော် | မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀<br>[စာမူခွင့်ပြုချက်အမှတ် ၁၃၅/ ၂၀၀၁(၂)] |
| သာမဏေကျော် | စကားကိုဘယ်လိုပြောရမယ်<br>[စာမူခွင့်ပြုချက်အမှတ် ၄၃၂/ ၂၀၀၁(၇)] |
| သာမဏေကျော် | မဟာစည်ဆရာတော်နှင့်<br>ယနေ့ခေတ်ဝိပဿနာရှုနည်းများ<br>[စာမူခွင့်ပြုချက်အမှတ် ၄၉၉/ ၂၀၀၁(၇)] |
| ဦးသော်ဇင် | မိလိန္ဒပဥှာ<br>[စာမူခွင့်ပြုချက်အမှတ် ၂၅၃/ ၂၀၀၁(၄)] |
| ဦးအောင်မိုး | ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ<br>[စာမူခွင့်ပြုချက်အမှတ် ၁၈၂/ ၂၀၀၁(၃)] |
| မန်းတင် | နယ်ပိုင်မောင်ပြုံးချို<br>[စာမူခွင့်ပြုချက်အမှတ် ၉၃၁/ ၂၀၀၀(၇)] |
| မန်းတင် | ကိုဖိုးလုံး<br>[စာမူခွင့်ပြုချက်အမှတ် ၂၂၁/ ၂၀၀၁(၃)] |
| မောင်အုန်းဖေ | သူဌေးဖြစ်ဖို့<br>[စာမူခွင့်ပြုချက်အမှတ် ၁၆၀/ ၂၀၀၁(၃)] |
| အဏ္ဏဝါမိုးမိုး | ချစ်ခရီးက ရှည်နေဦးမည်<br>[စာမူခွင့်ပြုချက်အမှတ် ၅၅၀/ ၂၀၀၁(၆)] |
| ဒေါက်တာမတင်ဝင်း | ရေကြည်ချမ်းမြ<br>[စာမူခွင့်ပြုချက်အမှတ် ၅၄၇/ ၂၀၀၁(၆)] |
| ဒေါက်တာမတင်ဝင်း | ကြည်ညိုဖွယ်ရာမာတာများ<br>[စာမူခွင့်ပြုချက်အမှတ် ၅၆၉/ ၂၀၀၁(၆)] |
| မစန္ဒာ | ကွက်လပ်ကလေးဖြည့်ပေးပါ<br>[စာမူခွင့်ပြုချက်အမှတ် ၄၈၂/ ၂၀၀၁(၆)] |

www.burmeseclassic.com